# မြဝတီ
နေ့စဉ်

တိုင်းပြည်၏ စာတုဏ္ဏမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၄၀)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
၂၀၂၄ ခုနှစ်၊ မေ ၂၈ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်း မကောင်းမှုကို မပြုရာ။ ဤသုံးပါးသော ပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ ဟောကြားအပ်သော မဂ်ကိုပြီးစီးစေရာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်



ဧရာဝတီတိုင်းဒေသကြီး... 

တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် မေ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ သတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူမိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး **စာမျက်နှာ ၆ ကော်လံ ၁ ❑**

**ဆောင်းပါး**



**ဥဒပါနဒါန မြတ်ကုသိုလ် အခွင့်အရေး လက်မနေးစေလို**
စာ - ၁၁ သို့

**NUG၊ PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံနေသော နိုင်ငံများသို့ အိတ်ဖွင့်ပေးစာ**
စာ - ၂၂ သို့

**ကမ္ဘာ့အမွေအနှစ် ပုဂံဒေသတွင် မြေယာဝယ်ယူမည်ဆိုပါက မှားယွင်းမှုမရှိစေရေး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်** စာ - ၅ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ မေ ၂၈ ရက်)

# ပုဂံဒေသ၏တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် မေလ ၂၆ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးနှင့် ထီးလိုမင်းလို ဘုရားကြီးသို့ရောက်ရှိဖူးမြော်ကြပြီး ဘက်စုံအလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။ ရွှေစည်းခုံစေတီတော် မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရှေးဟောင်း အမွေအနှစ်လက်ရာများကို ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုလေ့လာခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏တင်ပြချက်အပေါ် "စေတီတော်ကြီးရင်ပြင်တော်တွင် ခင်းကျင်းထားသည့် ကျောက်ပြားများ၏အချို့နေရာများသည် မိုးရွာသွန်း ပြီးနောက် ရေတင်ကျန်မှုများဖြစ်ပေါ်နိုင်သဖြင့် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရန်လိုကြောင်း၊ စေတီတော်မြတ်ကြီးရှိ ငါးရာ့ငါးဆယ်ဇာတ်တော်စဉ့်ကွင်းများ၊ ကျောက်သပိတ်တော်ကြီးများ၊ သုခမ္မာဇရပ် များရှိ မြန်မာ့ဗိသုကာပညာရပ်အမွေအနှစ်များကို ပညာရှင်များနှင့်တိုင်ပင်ဆွေးနွေး၍ မူလလက်ရာမပျက် ထိန်းသိမ်းပြုပြင်မှုများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့်ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန်လိုပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့်ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ အရပ်လေးမျက်နှာရှိ ကြေးဂူတိုက် ၄ ခုအတွင်း တည်ထားပူဇော်ထား ရှိသည့် ဉာဏ်တော် ၁၂ ပေရှိ ရပ်တော်မူကြေးဆင်းတုတော်များသည် ပုဂံခေတ်ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်ဟန် ပီပြင်တင့်တယ်တော်မူပြီး သာမန်ကြေးသွန်းထားခြင်းမဟုတ်ဘဲ အတွင်းမှဖောင်းထုတ်ပုံဖော်စေသည့် "ကြေးခတ်"လက်ရာများဖြစ်သည်။ ဤသည်ကိုကြည့်ခြင်းဖြင့် ရှေးဟောင်းအနုပညာလက်ရာများ ခေတ်မီ ထွန်းကားခဲ့ပုံကို သိမြင်စေနိုင်သည်။ ထို့ကြောင့် သမိုင်းတန်ဖိုးလွန်စွာကြီးမားလှသည့် ရှေးဟောင်း အနုပညာလက်ရာများအား ဘုရားဖူးလာပြည်တွင်းပြည်ပမှဧည့်သည်များ အလွယ်တကူဖတ်မှတ်သိရှိ၍ ကြည်ညိုသပ္ပာယ်တန်ဖိုးထားနိုင်ရေး ရေးသားဖော်ပြထားရန်လိုကြောင်းကိုလည်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထီးလိုမင်းလိုဘုရား ကြီးသို့ရောက်ရှိကြပြီး ဖူးမြော်ကြည်ညိုသည်။ ဘုရားကြီးအတွင်းအပြင်တို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ထိန်းသိမ်းထားရှိမှုများနှင့်ဘုရားကြီးပရိဝုဏ်အတွင်း သဲကျောက်ပြား လျှောက်လမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိဘုရား၊စေတီ၊ ပုထိုးများသည် ရှေးဟောင်းသမိုင်းဝင်လက်ရာများဖြစ်ပြီး တန်ဖိုးမဖြတ်နိုင် သည့် အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ကြရမည်ဖြစ် သည်။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသည် နှစ်ပေါင်းထောင်ကျော်က ရှေးဟောင်းအဆောက်အအုံများကို တစုတဝေး တည်း တစ်နေရာတည်းမှာတွေ့နိုင်သော တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့နှလုံးသားအမွေအနှစ် ယဉ်ကျေးမှု ဒေသဖြစ်သည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ထိုက်တန်စွာရရှိထားသောဒေသဖြစ်ပြီး နိုင်ငံ တကာကအထူးစိတ်ဝင်စားသော ယဉ်ကျေးမှုနယ်မြေဖြစ်သည်။ မြန်မာနိုင်ငံသို့လာရောက်လေ့လာသူတိုင်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ အရောက်သွားကြသည်အထိ ပုဂံဒေသသည် စိတ်ဝင်စားဖွယ်အလွန် ကောင်းလှသည်။

၂၀၂၃ ခုနှစ် မေလအတွင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ဆင်ဖြူရှင်ကွန်းပလက်၊ ခေမင်္ဂဘုရား၊ သပိတ်မှောက်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ လေးမျက်နှာဘုရား၊ ဆင်ပေါင်းအုတ်ကျောင်း၊ ဓမ္မရာဇကအနီးရှိဘုရား၊ ပုဂံမျှော်ဘုရား၊ ရှာဟောင်းကြီးဘုရား၊ ရွှေနန်းရင်တောဘုရားတို့၌ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။ ရှေးဟောင်းဘုရား/အဆောက်အအုံ ၈ ခု တို့တွင် ထိခိုက်ပျက်စီးမှုအနည်းငယ်ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်လမ်းညွှန်ချက်များနှင့်အညီ ရှေးဟောင်းလက်ရာမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပုဂံရှေးဟောင်းနယ်မြေနှင့်အနီးတစ်ဝိုက်သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများလျော့ကျ စေရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံတော်၏အသည်းနှလုံး ဖြစ်ပေရာ ထိုဒေသတွင် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုရှိတိုင်း နိုင်ငံတော်အစိုးရ၊ တပ်မတော် နှင့်ပြည်သူတို့စည်းလုံးညီညွတ်စွာ ပြုပြင်ခဲ့သည်ချည်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများမှာ တန်ဖိုးမဖြတ်နိုင်သည့်အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ် စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့် လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒ အလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သား ဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**နေပြည်တော် မေ ၂၇**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော် ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်း ရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့ လည်းကောင်း၊ KBZ Bank NYAUNG OO BRA-NCH Account No-06713906701442701** သို့ လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေး နှိုးဆော်ထားသည်။

(သတင်းစဉ်)

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရန်ကုန်၊ ရေထွက်ကုန်

# ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၀၅ သန်းခန့် ရရှိရန်လျာထား



ယခုဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၀၅ သန်းခန့်ရရှိရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်း၏ပြောကြားချက်အရ သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတန်ချိန် ၅၂၂၅၆၅ တန် တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၂၉ ဒသမ ၄၂၂ သန်းရရှိခဲ့ကာ ယခုဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်မှာ ပြည်တွင်းကနေ ပြည်ပကို ရေထွက်ကုန်ပစ္စည်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၈၀၅ သန်းလောက် တင်ပို့နိုင်အောင် စီစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ အဓိကအားဖြင့် မွေးမြူရေးပုစွန်တင်ပို့မှုနဲ့ မွေးမြူရေးငါးတန်တင်ပို့မှုတွေကနေ ပို့ကုန်အတိုင်းအတာတစ်ခုအထိ တိုးတက်လာမယ်လို့ မျှော်မှန်းထားတဲ့အတွက်ကြောင့် အခုလို လျာထားဆောင်ရွက်တာဖြစ်ပါတယ်" ဟု ဦးညွန့်ဝင်းက ပြောသည်။

ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ရေထွက်ကုန်ပစ္စည်းတန်ချိန် ၇၇၂၄ တန် ပိုမိုတင်ပို့နိုင်ခဲ့သည့်အတွက် ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုပမာဏ ပိုမိုတိုးမြင့်လာစေရန် ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ငါးအုပ်စု၊ ပုစွန်အုပ်စုနှင့် ငါး၊ ပုစွန်မဟုတ်သော တခြားရေထွက်ကုန်များ အုပ်စုဟူ၍ အဓိကအုပ်စုသုံးစုခွဲခြားကာ တင်ပို့လျက်ရှိပြီး လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးထက် ပုံမှန်ကုန်သွယ်ရေးနည်းလမ်းများကို ပိုမိုအားပြုကာ တင်ပို့နေရကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံများအပါအဝင် ပြည်ပနိုင်ငံပေါင်း ၄၀ ခန့်သို့ တင်ပို့လျက်ရှိပြီး စုစုပေါင်း ရေထွက်ကုန်အမယ် ၁၀၀ ကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

မော်လမြိုင်ကျွန်း၊ စီးပွားရေး

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိဿာချိန် ၅၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလ ၁ ရက်မှ ၂၅ ရက်အထိ ငါးရှဉ့်ပိဿာချိန် ၅၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သီတာ၏ပြောဆိုချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလတစ်လတာကာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၈၀၀၀ အထိ တင်ပို့ရောင်းချခဲ့ပြီး မေလ ၁ ရက်မှ ၂၅ ရက်အထိ ငါးရှဉ့်ပိဿာချိန် ၅၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ငါးရှဉ့်များတင်ပို့ရောင်းချအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ငါးရှဉ့်တွေ တင်ပို့ရောင်းချအားကောင်းလာတာက ပြည်ပငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာနဲ့ ပြည်ပက ငါးရှဉ့်ဝယ်လိုအားကောင်းလာတာကြောင့်ဖြစ်ပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကထွက်ရှိတဲ့ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် တခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေကို ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်" ဟု ဒေါ်သီတာကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့်ငါးရှဉ့်ကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

ယင်းမာပင်၊ စိုက်ပျိုးရေး

# ယင်းမာပင်ခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲကြီး ဧက ၁၄၃၈၀ ရိတ်သိမ်းပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောပဲကြီးဧက ၁၄၃၈၀ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်၌ စိုက်ပျိုးထားသော ပဲကြီးကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ ဧက ၁၄၃၈၀ ရိတ်သိမ်းပြီးစီးနေပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၅ တင်းထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲကြီး ဧက ၁၄၃၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံးရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပဲသီးနှံစိုက်ပျိုးရာမှာ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းကပြောသည်။

ယင်းမာပင်ခရိုင်၌ မြို့နယ်အလိုက် ပဲကြီးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်၌ ၈၆၅ ဧကနှင့် ကနီမြို့နယ်၌ ၁၃၅၁၅ ဧက စုစုပေါင်းဧက ၁၄၃၈၀ တို့ဖြစ်သည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်၌ ပဲကြီး ၁၄၃၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးခဲ့ကြရာ ဧက ၁၄၃၈၀ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်၌ ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးနှင့် အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၉)

မြဝတီ ကာတွန်း



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

ကလေးတိုင်း ကျောင်းတက်နိုင်ရေးအတွက် နိုင်ငံတော်က ကျောင်းသုံးစာအုပ်တစ်စုံနှင့် ဝတ်စုံတစ်စုံပံ့ပိုးမှုဖြင့် မလုံလောက်ပါ၊ ရေရှည်အတွက် မိဘများ၏စားဝတ်နေရေးကို မြှင့်တင်မှရပါမည်။ မိဘများ၏ စီးပွားရေးအဆင်ပြေစေရန် ကျေးလက်များ၊ နယ်မြို့များတွင် ရေရရှိရေးနှင့်လျှပ်စစ်ဓာတ်အားရရှိရေး၊ စက်ရုံအလုပ်ရုံများ အမြန်ဆုံးပေါ်ပေါက်လာရေးမှာ အရေးတကြီးလိုအပ်ချက်ဖြစ်နေသည်။

မိမိတို့နိုင်ငံ၏ ရေရရှိရေးမှာ မုတ်သုံကိုအခြေပြုနေသည်။ မုတ်သုံကြောင့်ရရှိလာမည့်ရေကို မုတ်သုံမရှိတော့သည့်ကာလ ရှစ်လခန့်အသုံးပြုနိုင်ရန် သင့်လျော်သည့်နည်းဖြင့် စုဆောင်းထားမှဖြစ်သည်။ သင့်လျော်သည့်နည်းထဲတွင် ရေလှောင်တမံများတည်ဆောက်မှု၊ ရေလွှဲဆည်များတည်ဆောက်မှု၊ ရေကန်များတူးဖော်စုဆောင်းမှု စသည့်နည်းမျိုးစုံပါဝင်သည်။

အီဂျစ်ကဲ့သို့သော သဲကန္တာရ ၉၀ ရာခိုင်နှုန်းကျော်ရှိသော နိုင်ငံကဲ့သို့ မိမိတို့နိုင်ငံ၏အခြေအနေမှာ မဆိုးသေးပါ။ နေရာအနှံ့စိုက်ပျိုးစရာမြေများရှိနေသည်။ သို့သော် ရေလိုနေသည့်ဒေသများစွာရှိနေသည်။ မိမိတို့နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲရေကို အထိရောက်ဆုံးအသုံးပြုပြီး လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံသို့တက်လှမ်းရေး ကြိုးပမ်းနိုင်ကြပါစေ။ ရေအားကိုအသုံးချ၍ ဈေးနှုန်းသက်သာသော ဓာတ်အားများပိုမိုဖြန့်ဖြူးနိုင်ပါစေ။ နွေရာသီ ရေချိုရှားပါးသောဒေသများသို့ ရေပေးဝေနိုင်ကြပါစေ။ နှစ်စဉ်ရေကြီးရေလျှံဖြစ်နေသော မြစ်ဝှမ်းများတွင် မဟာဗျူဟာမြောက်စီမံချက်များချမှတ်၍ ရေဘေးကာကွယ်ရေးကြိုတင်ဆောင်ရွက်နိုင်ကြပါစေ။

### အခန်း(၅)
### ပြန်လည်ပြည့်ဖြိုးမြဲရေနှင့် လော့စ်အိန်ဂျယ်လိစ်မြို့

လော့စ်အိန်ဂျယ်လိစ်မြို့ Los Angeles (L.A)သည် အမေရိကန်အနောက်ဘက်ပစိဖိတ်သမုဒ္ဒရာကမ်းခြေတွင်တည်ရှိသည်။ မြို့ပေါ်လူဦးရေသည် ၂၀၁၉ ခုနှစ်စာရင်းအရ ၃ ဒသမ ၉ သန်းရှိပြီး စည်ပင်သာယာရေးနယ်နိမိတ်လူဦးရေမှာ ၁၃ ဒသမ ၁ သန်းခန့်ရှိသည်။

မြို့အကျယ်အဝန်းသည် ၁၃၀၂ စတုရန်းကီလိုမီတာ(၅၀၂ စတုရန်းမိုင်)ခန့်ရှိသော်လည်း စည်ပင်သာယာရေးနယ်နိမိတ်မှာမူ ၁၂၅၆၁ စတုရန်းကီလိုမီတာ (၄၈၅၀ စတုရန်းမိုင်)ခန့်ရှိသည်။

မြို့၏အနိမ့်ဆုံးနေရာမှာ ပင်လယ်ကမ်းခြေနှင့်ဆက်စပ်နေသော်လည်း မြို့ဧရိယာအများစုမှာ ပင်လယ်ရေမျက်နှာပြင်ထက် ၉၃ မီတာ(၃၀၅ ပေ) ခန့်မြင့်သည့်အတွက် ကမ္ဘာကြီးပူနွေးမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုပြဿနာကို စိုးရိမ်စရာမရှိသောမြို့ဖြစ်သည်။

မြို့အနီးကပ်လျက် ၁၅၄၇ မီတာ(၅၀၇၄ ပေ)ခန့်မြင့်သော တောင်များလည်း တည်ရှိနေသည့်အတွက် ပျမ်းမျှအပူချိန်သည် ၁၇ ဒီဂရီစင်တီဂရိတ်ဖြစ်နေသည်။ အအေးဆုံးလဖြစ်သည့် ဒီဇင်ဘာလတွင် ၁၀ ဒီဂရီစင်တီဂရိတ်ထိ အပူချိန်နိမ့်ကျသည့်အတွက် ကမ္ဘာအရပ်ရပ်မှ ခရီးသွားများအကြိုက်ဖြစ်နေသည်။

မြောက်အမေရိကတိုက် တစ်တိုက်လုံးနှင့်နှိုင်းယှဉ်ပါက တတိယအကြီးဆုံးမြို့ဖြစ်သည်။ မက္ကဆီကိုစီးတီး(Maxico City)သည် အကြီးဆုံးမြို့ဖြစ်ပြီး နယူးယောက်(New York)သည် ဒုတိယအကြီးဆုံးမြို့ဖြစ်သည်။

၁၇၈၁ ခုနှစ်တွင် စပိန်အောက်မှလွတ်မြောက်လာခဲ့ပြီးနောက် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ မက္ကဆီကိုနိုင်ငံပိုင်နယ်မြေဖြစ်သည်။ ယင်းနောက်တွင် အမေရိကန်နှင့် မက္ကဆီကိုချုပ်ဆိုသည့်စာချုပ် (Treaty of Guadalupe Hidalgo)အရ အလျော်အစားပြုလုပ်ခဲ့ပြီး ကယ်လီဖိုးနီးယားပြည်နယ် (California State) တစ်ခုလုံးမှာ အမေရိကန်ပိုင်ဖြစ်ခဲ့သည်။

၁၈၉၀ ပြည့်လွန်နှစ်များနောက်ပိုင်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အမြောက်အမြားထွက်ရှိလာခဲ့ရာမှ မြို့မှာလွန်စွာဖွံ့ဖြိုးလာခဲ့သည်။

အမေရိကန်ပြည်ထောင်စု အနောက်ဘက်ပစိဖိတ်သမုဒ္ဒရာကမ်းခြေတွင် အလွန်အလုပ်များသော ကွန်တိန်နာသင်္ဘောဆိပ်တစ်ခုဖြစ်လာခဲ့သည်။

ယခုအခါ နှစ်စဉ်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Gross Domestic Product,GDP)မှာ ကမ္ဘာ့တတိယအမြင့်ဆုံးမြို့ဖြစ်လာခဲ့သည်။ ပထမမှာ ဂျပန်နိုင်ငံ တိုကျိုမြို့ဖြစ်ပြီး ဒုတိယမှာ နယူးယောက်ဖြစ်သည်။ လော့စ်အိန်ဂျယ်လိစ်၏(GDP) သည် အမေရိကန်ဒေါ်လာ ၁ တြီလျံ (1.0 Trillion) ထိ ကြီးမားသည်။

ရုပ်ရှင်နှင့်အနုပညာလုပ်ငန်းမြို့တော်အဖြစ် ကမ္ဘာ့အသိအမှတ်ပြုခံထားရသည့်မြို့တော်ဖြစ်သည်။ ကမ္ဘာ့ရုပ်ရှင်လောက၏နာမည်ကြီး ဟောလိဝုဒ်(Hollywood) သည် လော့စ်အိန်ဂျယ်လိစ်မြို့တွင်တည်ရှိနေ၍ ကမ္ဘာလှည့်ခရီးသွားများအတွက် လည်ပတ်စရာနေရာများပြားလှသည့်ဒေသတစ်ခုဖြစ်သည်။

> "ကမ္ဘာ့ရုပ်ရှင်လောက၏နာမည်ကြီး ဟောလိဝုဒ် (Hollywood) သည် လော့စ်အိန်ဂျယ်လိစ်မြို့တွင်တည်ရှိနေ၍ ကမ္ဘာလှည့်ခရီးသွားများအတွက် လည်ပတ်စရာနေရာများပြားလှသည့်ဒေသတစ်ခုဖြစ်သည်။
>
> ဤကဲ့သို့သော ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးမှ ထိပ်သီးမြို့ကြီးအနီးဝန်းကျင် မိုင်ဆယ်ဂဏန်းခန့်အတွင်းတွင် မြို့ကို ရေလုံလောက်စွာပေးဝေရန် ပြန်လည်ပြည့်ဖြိုးမြဲရေမှာ မြေအောက်ရေတစ်ခုသာရှိသည်။ တချို့သောမြေပေါ်ရေချိုရလမ်းများမှာလည်း မြို့အတွက်လုံလောက်မှုမရှိပေ။
>
> မြို့ကို နေချင်စရာမြို့ဖြစ်အောင်၊ ကမ္ဘာလှည့်ခရီးသွားများဖြင့် စည်ကားသောမြို့ဖြစ်အောင် ရေချိုလုံလောက်စွာဖန်တီးပေးနိုင်ရန်လည်း အရေးကြီးသည်. . ."

ဤကဲ့သို့သော ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးမှ ထိပ်သီးမြို့ကြီးအနီးဝန်းကျင် မိုင်ဆယ်ဂဏန်းခန့်အတွင်းတွင် မြို့ကို ရေလုံလောက်စွာပေးဝေရန် ပြန်လည်ပြည့်ဖြိုးမြဲရေမှာ မြေအောက်ရေတစ်ခုသာရှိသည်။ တချို့သောမြေပေါ်ရေချိုရလမ်းများမှာလည်း မြို့အတွက် လုံလောက်မှုမရှိပေ။

မြို့ကို နေချင်စရာမြို့ဖြစ်အောင်၊ ကမ္ဘာလှည့်ခရီးသွားများဖြင့်စည်ကားသောမြို့ဖြစ်အောင် ရေချိုလုံလောက်စွာဖန်တီးပေးနိုင်ရန်လည်း အရေးကြီးသည်။ ၂၀၁၅ ခုနှစ်တွင် စာရေးသူ လော့စ်အိန်ဂျယ်လိစ်မြို့ကို ရောက်ရှိခဲ့ပြီး ရေစီမံခန့်ခွဲမှုနှင့် ဓာတ်အားဖြန့်ဖြူးမှုများကို လေ့လာခဲ့သည်။

မြို့ရေချိုရရှိရေးဆောင်ရွက်ထားမှုမှာ မြို့၏မြောက်ဘက်နှင့် အရှေ့ဘက်တွင်ရှိသော ဒေသအသီးသီးမှ ပြန်လည်ပြည့်ဖြိုးမြဲရေချိုကို သွယ်ယူသုံးစွဲနေခြင်းဖြစ်သည်။ Los Angeles ရေပေးဝေရေးအတွက် ရေသွယ်လမ်းသုံးမျိုးဖြင့် သွယ်ယူသည်-

-ပထမလမ်းမှာ California Aqueducts

-ဒုတိယလမ်းမှာ Los Angeles Aqueducts

-တတိယလမ်းမှာ Colorado River Diversion တို့ဖြစ်သည်။

**ပထမရေသွယ်လမ်း California Aqueducts** မှာ မြောက်ဘက်အလွန်ဝေးကွာသော စကာရာမန်းတိုးမြစ် (Sacramento River) မှ ရေကို အဆင့်ဆင့်သွယ်ယူလာခြင်းဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ကြံခင်း၊ စိမ်းလန်းစိုပြည်ရေး

## ကြံခင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ (အကြို) သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ



သစ်တောစိုက်ခင်းများထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်ချစ်မြတ်နိုးတတ်စေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိများ နိုးကြားရှင်သန်စေရန်၊ ရာသီဥတုမျှတစေရန်ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ (အကြို) သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို မေလ ၂၇ ရက်တွင် ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်းအကွက်အမှတ် (၄၉) ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းက ၂၀၂၄ ခုနှစ် မိုးရာသီ (အကြို) သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် တာဝန်ရှိသူများက ပျိုးပင်များပေးအပ်ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၂၆၀၊ ပျဉ်းကတိုး ၁၀၀၊ ယူကလစ် ၁၀၀၊ ယမနေ ၂၀၀၊ ပိတောက် ၁၅၀ စုစုပေါင်း ပျိုးပင် ၈၁၀ ကို ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ စုပေါင်းစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

ရန်ကုန်၊ ကုန်သွယ်ရေး

## ယခုဘဏ္ဍာနှစ် တစ်လကျော်ကာလအတွင်း ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရရှိထား

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၁၇ ရက်အထိ တစ်လကျော်ကာလအတွင်း ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော် ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၁၇ ရက်အထိ ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုအနေဖြင့် ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃၁၅ သန်းရရှိခဲ့ကာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုအနေဖြင့် ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၀၆၃ သန်းရရှိသည့်အတွက် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၂ သန်းပိုမိုရရှိကြောင်း သိရသည်။

ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းများတင်ပို့ရာတွင် ရွှေ၊ ကျောက်စိမ်း၊ ပုလဲ၊ စိန်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ ကျောက်မီးသွေးနှင့် တခြားသတ္တုအမျိုးမျိုးကို တင်ပို့ကြောင်း သိရသည်။

ပြည်ပသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်များတင်ပို့ရာ ပို့ကုန်တင်ပို့မှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇၆၂ ဒသမ ၇၇၅ သန်းရရှိကြောင်း သိရသည်။

**စောယု**

ရန်ကုန် မေ ၂၇

# ကမ္ဘာ့အမွေအနှစ် ပုဂံဒေသတွင် မြေယာဝယ်ယူမည်ဆိုပါက မှားယွင်းမှုမရှိစေရေး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်



ကမ္ဘာ့အမွေအနှစ် ပုဂံဒေသတွင် စေတီပုထိုးများနှင့် တွဲလျက်တွေ့ရသည့်မြေနေရာများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-Bagan Arch)

ကမ္ဘာ့အမွေအနှစ် ပုဂံဒေသတွင် မြေယာဝယ်ယူမည်ဆိုပါက ဝယ်ယူသူနှင့်လုပ်ငန်းဆောင်ရွက်သူ ကာယကံရှင်များငွေကြေးဆိုင်ရာ ဆုံးရှုံးနစ်နာမှုရှိနိုင်သဖြင့် မှားယွင်းမှုမရှိစေရေးအတွက် ဝယ်ယူမှုမပြုခင် ရှေးဟောင်းအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။


ကမ္ဘာ့အမွေအနှစ်ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများတည်ရှိရာ ဒေသ (Property Area)၁၂၃၄၂ ဒသမ ၂၉ ဧကနှင့် ကြားခံဒေသ(Buffer Area) ၄၄၃၄၆ ဒသမ ၂၉ ဧက စုစုပေါင်း ၅၆၆၈၉ ဒသမ ၂၁ ဧကအတွင်းတွင် ညောင်ဦးမြို့၊ ပုဂံမြို့၊ စသည့်မြို့နှစ်မြို့နှင့် ကျေးရွာပေါင်း ၄၁ ရွာပါဝင်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှထုတ်ပြန်ထားသည်။

ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသအတွင်း ရှေးဟောင်းအဆောက်အအုံပေါင်း ၃၅၉၅ ဆူ၊ ကြားခံဒေသအတွင်း ၂၄၂ ဆူ စုစုပေါင်း ၃၈၃၇ ဆူ ပုဂံဌာနခွဲမှ ထိန်းသိမ်းထားပြီး ထိုသို့ထိန်းသိမ်းခြင်းအားဖြင့် ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံတစ်နိုင်ငံရှိ လူမျိုးတစ်မျိုးစီတိုင်း၏ အရည်အသွေး၊ တန်ဖိုးနှင့်ဂုဏ်သိက္ခာဖြစ်သည်။

ထို့ကြောင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့်သမိုင်းတန်ဖိုးကိုသိပြီး အမွေအနှစ်များကို တန်ဖိုးထားသတ်မှတ်မှသာလျှင် နိုင်ငံနှင့်လူမျိုးကို ပိုမိုတန်ဖိုးထားချစ်မြတ်နိုးနိုင်မည်ဖြစ်၍ ရိုးရာယဉ်ကျေးမှုတန်ဖိုးပျက်စီးပျောက်ကွယ်မသွားစေရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်ကိုကာကွယ်ထိန်းသိမ်းရခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများပြားကာ ၎င်းအဆောက်အအုံများနှင့် တွဲလျက်ရှိသော မြေယာရှုခင်းများနှင့် မြေယာထွန်ယက်စိုက်ပျိုးခြင်းဓလေ့သည်လည်း လှပသောအမွေအနှစ်ပင်ဖြစ်၍ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လယ်ယာမြေအခြားနည်းသုံးစွဲခွင့်နှင့်ဂရန်ထုတ်ပေးခြင်းများနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၏ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၈ ရက်တွင်ပြုလုပ်သည့်ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(BAG-ANCOM)ပဥ္စမအကြိမ်အစည်းအဝေးတွင် "ပုဂံယဉ်ကျေးမှုဒေသအတွင်း စက်မှုစီးပွားမြေငှားဂရန် ပြောင်းလဲထုတ်ပေးခြင်း၊ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်နှင့်ထုတ်ပေးခြင်းများ ထိန်းချုပ်ကန့်သတ်ရန်နှင့် ဇုန်ပြင်ပတွင်သာ ခွင့်ပြုရန်" ဟု ဆုံးဖြတ်ခဲ့ကြကြောင်းလည်း ပါရှိသည်။

ကမ္ဘာ့အမွေအနှစ်ပုဂံဒေသတွင် သတ်မှတ်ထားသော မြို့ပြလူနေထိုင်ရာ ဇရိယာပြင်ပရှိ ယာမြေကွက်၊ မြေလွတ်မြေလပ်ကွက်များသည် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ထုတ်ပေးမရသော နေရာများဖြစ်သဖြင့် မြေကွက်များ၊ ယာမြေကွက်များကို ဝယ်ယူ၍ အခြားနည်းအသုံးပြုလိုသူများ၊ လူနေအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ ဈေးဆိုင်ခန်းများ ဆောက်လုပ်လိုသူများသည် လုပ်ငန်းဆောင်ရွက်ခွင့်မရနိုင်သောကြောင့် ဝယ်ယူသူနှင့် လုပ်ငန်းဆောင်ရွက်သူ ကာယကံရှင်များ ငွေကြေးဆိုင်ရာဆုံးရှုံးနစ်နာမှုရှိနိုင်ကြောင်း ပါရှိသည်။




ထို့ပြင် ပုဂံဒေသဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲရေးမူဘောင် (၅. ၂)တွင် "ကမ္ဘာ့အမွေအနှစ်ဇုန်အတွင်းရှိ မြို့ပြဧရိယာများသည် အပြည့်အဝကာကွယ်ရန်လိုအပ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကန့်အသတ်ဖြင့် အသုံးပြုနိုင်ကြောင်း၊ အဆောက်အအုံမဆောက်ရသေးသည့်နေရာများသည် ယခုအတိုင်းထားရှိပြီး မည်သည့်ဆောက်လုပ်ရေးလုပ်ငန်းကိုမျှ ဆောက်လုပ်ခွင့်မပြုကြောင်းနှင့် အမွေအနှစ်ဇုန်အတွင်းရှိ မြေယာရှုခင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရပါမည်"ဟု ဖော်ပြပါရှိသည်။

ထို့ကြောင့် မြေယာဝယ်ယူမည်ဆိုပါက မှားယွင်းမှုမရှိစေရေးအတွက် ဝယ်ယူမှုမပြုခင် ရှေးဟောင်းအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးထားသည်။

**MT**

မော်တောင် မေ ၂၇

# မော်တောင်နယ်စပ်ဂိတ်နှင့် ကုန်သွယ်မှုပြုလုပ်နေသည့် ထိုင်းနိုင်ငံဘက်ရှိ ဆင်းခွန်ဂိတ်ကို အမြဲတမ်းဂိတ်အဖြစ် ဖွင့်လှစ်ရန်စီစဉ်နေ




မြန်မာနိုင်ငံတောင်ပိုင်း မော်တောင်နယ်စပ်ဂိတ်နှင့် ကုန်သွယ်မှုပြုလုပ်နေသည့် ထိုင်းနိုင်ငံဘက်ရှိ ဆင်းခွန်နယ်စပ်ဂိတ်ကို အမြဲတမ်းဂိတ်အဖြစ်ဖွင့်လှစ်ရန် ထိုင်းတာဝန်ရှိသူများက စီစဉ်နေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မော်တောင်မြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင် ပရာကျွတ်ခီရီမြို့နယ် ဒန်းဆင်းခွန်ရွာရှိ ဆင်းခွန်အထူးယာယီနယ်စပ်ဂိတ်ကို အမြဲတမ်းဂိတ်တစ်ခုအဖြစ် အဆင့်မြှင့်တင်ပြီး ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းမီဒီယာများတွင် ဖော်ပြထားသည်။

"ထိုင်းနိုင်ငံမှာတော့ ဆင်းခွန်နယ်စပ်ဂိတ်ကို အမြဲတမ်းဂိတ်အဖြစ် တိုးမြှင့်ဖို့ လုပ်ငန်းရှင်တွေက အစိုးရကို တိုက်တွန်းမှုတွေရှိနေပါတယ်။ အဲဒီလိုအနေအထားမှာ အခု မေလ ၁၄ ရက်က ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနဲ့ နိုင်ငံခြားရေးဝန်ကြီးတို့ ဦးဆောင်ပြီး ဆင်းခွန်ဂိတ်ကို ရောက်လာပါတယ်။ ဒါက အတော်ကို ထူးခြားပါတယ်။ ဆင်းခွန်ဂိတ်ကို ထိုင်းတာဝန်ရှိသူတွေထဲက အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်တွေ ပထမဦးဆုံး လာရောက်ခြင်းဖြစ်ပါတယ်။ ယခင်က အဲဒီလိုအဆင့်မြင့်အရာရှိတွေ လာရောက်တာမျိုးမရှိပါဘူး။ အဲဒါကို ကြည့်ခြင်းအားဖြင့် ထိုင်းနိုင်ငံအနေနဲ့ ဆင်းခွန်ဂိတ်ကို အမြဲတမ်းဂိတ်အဖြစ် မကြာမီတိုးမြှင့်ဖွင့်လှစ်သွားဖို့ မြန်မာနဲ့ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားဖို့ စီစဉ်နေတာတွေ့မြင်နိုင်ပါတယ်"ဟု ကုန်သွယ်မှုဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံရှိ ဆင်းခွန်မှာ အထူးယာယီနယ်စပ်ဂိတ်အဆင့်သာရှိသေးကြောင်း၊ နိုင်ငံတကာအဆင့် ကုန်သွယ်မှုပြုလုပ်နိုင်သည့် အနေအထားသို့ မရောက်သေးကြောင်းသိရသည်။

"မော်တောင်-ဆင်းခွန် နယ်စပ်ဂိတ်ကုန်သွယ်ရေးက အတော်လေးတိုးတက်လာနေတာတွေ့ရတယ်။ လမ်းခရီးကြန့်ကြာမှုတွေရှိပေမယ့်လည်း ကုန်သွယ်မှုပုံမှန်လုပ်ဆောင်နိုင်တယ်။ ထိုင်းနိုင်ငံအနေနဲ့လည်း မော်တောင်-ဆင်းခွန်-ဘန်ကောက်ကုန်သွယ်မှုလမ်းကြောင်းကို အတော်လေးစိတ်ဝင်စားမှုရှိလာနေတယ်။ လက်ရှိအနေအထားမှာ ထီးခီး-ကန်ချနာဘူရီကုန်သွယ်မှုလမ်းကြောင်း သူတို့စိတ်ဝင်စားမှုမပြတော့ဘူး။ ဘုရားသုံးဆူနယ်စပ်လမ်းကြောင်းက သုံးမရပါဘူး။ မြဝတီ-မဲဆောက်လမ်းကြောင်းကြန့်ကြာမှုများလာရင် နယ်စပ်ထွက်ပေါက်တစ်ခုရှာဖွေပြီး ဆောင်ရွက်ပေးဖို့ ထိုင်းအစိုးရက သူတို့မှာတာဝန်ရှိတယ်လို့ခံယူထားပါတယ်။ အဲဒီတော့ ဆင်းခွန်အထူးယာယီနယ်စပ်ဂိတ်ကို အမြဲတမ်းဂိတ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးလိုက်ပြီး ကုန်သွယ်မှုတွေဆောင်ရွက်ပေးသွားဖို့ ထိုင်းတာဝန်ရှိသူတွေက စီစဉ်နေတာပါ"ဟု နယ်စပ်ဂိတ်ကုန်သွယ်ရေးနှင့် ပတ်သက်ပြီး လေ့လာနေသူတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံရှိ ဆင်းခွန်ဂိတ်၏ဖြစ်ပေါ်တိုးတက်မှု၊ အနာဂတ်အတွက် အလားအလာများတင်ပြချက်များကို သုံးသပ်ကာ အထူးယာယီဂိတ်မှ အမြဲတမ်းဂိတ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပါက ရရှိလာမည့်အကျိုးများ၊ အခက်အခဲများကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း၊ ဝန်ကြီးနှစ်ဦးက မြန်မာနိုင်ငံနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးသွားမည်ဟုပြောကြားခဲ့ကြောင်း ထိုင်းနိုင်ငံရှိ မီဒီယာများတွင် ဖော်ပြခဲ့သည်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံရှိ နယ်စပ်မော်တောင်ဂိတ်မှာ အမြဲတမ်းဂိတ်ဖြစ်ပြီး ထိုင်းနိုင်ငံရှိ ဆင်းခွန်ဂိတ်မှာ အထူးယာယီနယ်စပ်ဂိတ်သာဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

နေပြည်တော်   မေ ၂၇

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၂/၂၀၂၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ(၂/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်အထိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခဲ့ကြောင်း၊ ယခုအခါ မတည်ထောက်ပံ့ငွေထုတ်ပေးခဲ့မှု၊ ထုတ်ချေးပြီးစီးမှုနှင့် ချေးငွေပြန်လည်ပေးဆပ်မှု၊ နယ်မြေဒေသအခြေအနေနှင့် မိုခါမုန်တိုင်းတိုက်ခတ်မှုတို့ကြောင့် ချေးငွေအရင်း/အတိုး ဆိုင်းငံ့ပေးခဲ့မှုများ၊ ချေးငွေများထုတ်ချေးရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစုထားရှိရေး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ဆေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များသို့ သင်တန်းဖွင့်လှစ်ပို့ချခဲ့မှုအခြေအနေများကို ကော်မတီဝင်များအားလုံး စနစ်တကျသုံးသပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက(၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့်ယခုအစည်းအဝေးတွင် မှတ်တမ်းတင်ရန်နှင့် အတည်ပြုဆုံးဖြတ်ရမည့်ကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့ကလည်းကောင်း ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များက (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြသည့်ကိစ္စရပ်များအပေါ် ပိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကိုထူထောင်၍ နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံများ အထွက်တိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ကျေးလက်ဒေသတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ တာဝန်ပေးဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများနှင့် တောင်သူဦးကြီးများအတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးစဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

❑ ရှေ့ဖုံးမှအဆက်

ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်းထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပဉ္စမရက်ဖြစ်သည့် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၁၆၀၀၁၉ ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်နေသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့်ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများ၏လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

ယင်းသို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့်ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

ဖြူး၊ လူမှုရေး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဇေယျပူ ကျေးရွာအုပ်စု ချာရီတာဘန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များရွေးချယ်ဖွဲ့စည်းခြင်းကို မေလ ၂၇ ရက်နံနက်ပိုင်းတွင် အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များ ရွေးချယ်ရေးဆိုင်ရာ နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးသည်။

ဖြူးမြို့နယ် ချာရီတာဘန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုပြီး ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် မိမိကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ(ကျေးလက်)**



ကျွန်းလှ၊ စိုက်ပျိုးရေး

# ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၇၀၀၀ ကျော် စိုက်ပျိုးရန်လျာထား



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ပြည်တွင်းစားသုံးဆီဖူလုံရန်၊ ပြည်ပစားသုံးဆီတင်သွင်းမှုလျှော့ချရန်အတွက် ဆီထွက်သီးနှံစိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၇၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ မြေပဲကိုဆောင်းရာသီနဲ့မိုးရာသီမှာ စိုက်ပျိုးကြပါတယ်။ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေပဲစိုက်ပျိုးဖို့ ၇၂၂၃ ဧကလျာထားပါတယ်။ မိုးမြေပဲကို မိုးရွာသွန်းမှုပေါ် မူတည်ပြီး မေလမှာ စတင်စိုက်ပျိုးကြပါတယ်။ တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြတဲ့အတွက် လျာထားချက်ပြည့်မီအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက ပြောသည်။

အဆိုပါ မိုးမြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများစိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

ဟသ်ာတ၊ လူမှုရေး

# လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်နိုင်စေရန်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ကာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို မေလ ၂၇ ရက်နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟသ်ာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဒေါ်ဆွေဆွေဝင်းက သင်တန်းသားများအနေဖြင့် သင်တန်းမှရရှိသော အတတ်ပညာများကို ပြန်လည်အသုံးချစေလိုကြောင်း၊ မိမိတို့တတ်မြောက်ထားသော ပညာရပ်များဖြင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ နားမလည်မှုများရှိခဲ့လျှင် သင်တန်းနည်းပြဆရာများကို ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ အကူအညီတောင်းခံနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက ထူးချွန်သင်တန်းသားများအား ဆုပေးအပ်ပြီး သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များကို သင်တန်းသားများထံပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၅ ဦးတက်ရောက်ပြီး သင်တန်းကာလ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချကြောင်း သိရသည်။ **အညာသူ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရေနွေးကြမ်း၏ကျန်းမာရေးအကျိုးကျေးဇူးများ

ကမ္ဘာတစ်ဝန်းတွင် ရေမှလွဲ၍လူကြိုက်အများဆုံး သောက်စရာမှာ လက်ဖက်ခြောက်အရည် (မြန်မာ့ ဓလေ့ရိုးရာအမည် ရေနွေးကြမ်း) ဖြစ်ပါသည်။ လူတို့ သည် နှစ်ပေါင်း ၅၀၀၀ နီးပါး ရေနွေးကြမ်းကို သောက် သုံးခဲ့ကြပြီး လက်ရှိအချိန်တွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံက သောက်သုံးလျက်ရှိပါသည်။ ရှေးခေတ် ကတည်းက ရေနွေးကြမ်း၊ အထူးသဖြင့် လက်ဖက်စိမ်း ရည်ကို တရုတ်တိုင်းရင်းဆေးပညာက ကျန်းမာရေးနှင့် ညီညွတ်သောဖျော်ရည်အဖြစ်သတ်မှတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၌ ရေနွေးကြမ်းသောက်သုံးခြင်းသည် အလောင်းစည်သူမင်းလက်ထက်ကစ၍ ခေတ်အဆက် ဆက်အရေးပါသည့် ဓလေ့ထုံးတမ်းအဖြစ် တည်ရှိခဲ့ကြောင်း တွေ့ရှိရသည်။

ရေနွေးကြမ်းသည် Camellia Sinensis အပင်၏ လတ်ဆတ်သောအရွက်များနှင့်အဖူးများ သို့မဟုတ် လက်ဖက်ခြောက်ပေါ်တွင် ရေနွေးပူပူလောင်းချခြင်း ဖြင့် ရရှိသော မွှေးကြိုင်သည့်ဖျော်ရည်တစ်မျိုးဖြစ်ပါ သည်။ ရေနွေးကြမ်းပြုလုပ်သည့် လက်ဖက်ခြောက် အမျိုးအစားများပေါ်မူတည်၍ ရေနွေးကြမ်း၏ အရသာနှင့် ဝိသေသများ အသီးသီးရှိကြပါသည်။ အခြေခံအားဖြင့် အင်္ဂလိပ်အခေါ် Black Tea၊Green Tea ၊ oolong Tea ၊ White Tea၊ Pu'er Tea နှင့် Dark Tea စသည်ဖြင့် လက်ဖက်ခြောက်မျိုးကွဲများစွာ ရှိပါသည်။ လက်ဖက်ခြောက်အရောင်ပိုနက်လေ ရေ နွေးကြမ်း၏အရသာကောင်းလေဖြစ်ကြောင်း သိရပါ သည်။ လက်ဖက်ခြောက်အမျိုးအစားများ ကွဲပြားမှု သည် အဓိကအားဖြင့် အရွက်ခူးဆွတ်ပြီးနောက် ၎င်း တို့ကို စီမံဆောင်ရွက်မှုကွာခြားသောကြောင့်ဖြစ်သည်။

### ရေနွေးကြမ်းပြုလုပ်နည်း

ရေကိုပွက်ပွက်ဆူအောင် ကျိုချက်ပြီးနောက် ဆယ်မိနစ်ခန့်စောင့်ပြီး ရေခွက်ထဲသို့ ထည့်ကာ လက်ဖက်ရွက် သို့မဟုတ် လက်ဖက်ခြောက်အိတ်ကို ထည့်ပါ။ အကောင်းဆုံးအရသာနှင့်ရလဒ်အတွက် သုံးမိနစ်ခန့်နှပ်ထားပါ။ ရေနွေးကြမ်းကို နွေးနွေးလေး သောက်သုံးပေးပါ။ အပူလွန်ကဲသောရေသည် လက်ဖက်ခြောက်၏ဂုဏ်သတ္တိကို လျော့ပါးစေပြီး အရသာခါးစေနိုင်သည်။ လက်ဖက်ခြောက်ကို ရေဆူ နေစဉ်ထည့်ပြုတ်လျှင် လက်ဖက်ခြောက်တွင်ပါသော Catechin ကဲ့သို့ အကျိုးပြုဒြပ်ပေါင်းများ ပျက်စီး သွားနိုင်သည်။

### လက်ဖက်ခြောက်၏အကျိုးကျေးဇူးများ

လက်ဖက်ခြောက်တွင် Polyphenols ပါရှိမှု ကြောင့် ကင်ဆာ၊ သွေးချိုဆီးချို၊ အဆစ်ရောင်ရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ လေဖြတ်ခြင်းနှင့် အဝလွန်ခြင်း စသည့်ရောဂါများကို ကာကွယ်လျော့ချ နိုင်သောကောင်းကျိုးများရှိသည်။ လက်ဖက်စိမ်းတွင် ပါဝင်သော epigallocatechin-3-gallate(EGCG) သည် လူတစ်ဦး၏ အသက်အရွယ်အရ မြင့်တက်လာ သော မကောင်းသောကိုလက်စထရောများ (Low Density Lipoprotein) ကို လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါကိုကာကွယ်ပေးနိုင်သည်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်း Catechins သည် အစာခြေခြင်းကို အထောက်အကူပြုပြီး အစာအိမ် နှင့် အူလမ်းကြောင်းဆိုင်ရာရောင်ရမ်းသော ရောဂါ လက္ခဏာများကို သက်သာစေနိုင်သည်။ လက်ဖက် စိမ်းတွင်ပါဝင်သော အမိုင်နိုအက်စစ် L-theanine သည် ဦးနှောက်၏လုပ်ဆောင်ချက်ကို တိုးတက်ကောင်း မွန်စေပြီး မှတ်ဉာဏ်အားကောင်းစေသည်။ သက်ကြီး ရွယ်အိုများတွင် အဖြစ်များသော အယ်လ်ဇိုင်းမား ရောဂါကိုလည်း လျှော့ချပေးပါသည်။

L-theanine နှင့် ကဖိန်းဓာတ်တို့ကိုပေါင်းစပ်ခြင်း သည် လူတို့၏အာရုံစူးစိုက်မှုကို တိုးတက်စေသည်။ သွေးတွင်းသကြားဓာတ်ပမာဏကို လျော့ကျစေပြီး အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါကိုကာကွယ် ပေးနိုင်သည်။ လက်ဖက်စိမ်း၏ Polyphenol သည် UVB ကြောင့်ဖြစ်သော အရေပြားကင်ဆာကို ကာကွယ်ပေးသည့်အကျိုးကျေးဇူးရှိသည်။

လက်ဖက်ခြောက်မှ ဖလိုရိုက်သည် သွားပိုးစား ခြင်းကိုလျှော့ချနိုင်သဖြင့် ရေနွေးကြမ်းသောက်ခြင်း သည် ခံတွင်းကျန်းမာရေးကို အကျိုးသက်ရောက်မှု ရှိသည်။ လက်ဖက်ရွက်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း အများအပြားပါဝင်သောကြောင့် ကိုယ်ခံအားစနစ်ကို အားကောင်းစေကာ ရောင်ရမ်းမှုကို တိုက်ဖျက်ပေး နိုင်သဖြင့် ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးမွှားများ ကူးစက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

### ရေနွေးကြမ်း၏အကျိုးကျေးဇူးများ

ရေနွေးကြမ်းသည် ခန္ဓာကိုယ်အတွက် ရေဓာတ် ဖြည့်ပေးရုံသာမက ခန္ဓာကိုယ်အပူကိုလျော့ကျစေပြီး ဇီဝကမ္မဖြစ်စဉ်များ အလျင်အမြန်အလုပ်လုပ်ရန် အတွက် လှုံ့ဆော်ပေးသည်။ ထို့ကြောင့် ပူပြင်းသော နွေရာသီတွင် ရေနွေးကြမ်းပူပူသောက်ခြင်းသည် ခန္ဓာ ကိုယ်အပူချိန်ကိုထိန်းသိမ်းရန် ကူညီပေးပါသည်။ စီချွမ်တက္ကသိုလ်မှ သုတေသီများ၏လေ့လာမှုအရ တစ်နေ့လျှင် ရေနွေးကြမ်းသုံးခွက်သောက်ခြင်းသည် အသက်အရွယ်အိုမင်းခြင်းကို နှေးကွေးစေပြီး အသက် ရှည်စေနိုင်ကြောင်း ဖော်ပြထားသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ရေနွေးကြမ်း၏ကျန်းမာရေး အကျိုးကျေးဇူးများကို နာတာရှည်ရောဂါများအတွက် သုတေသနပြုခဲ့ကြသည်။ တစ်နေ့လျှင် ရေနွေးကြမ်း အနည်းဆုံး လေးခွက်သောက်သူများသည် မသောက် သူများထက် အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါ ဖြစ်ပွားမှုမှ ၁၆ ရာခိုင်နှုန်းလျော့နည်းကြောင်း ဥရောပ သိပ္ပံပညာရှင်များက သုံးသပ်ထားပါသည်။ ၂၀၁၉ ခုနှစ်တွင်ထုတ်ဝေသည့် ဆေးပညာဂျာနယ်တွင် ရေနွေး ကြမ်းကို ပုံမှန်သောက်သုံးသူများသည် မသောက်သူ များထက် ရင်သားကင်ဆာဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်း လျော့နည်းကြောင်းဖော်ပြထားသည်။ အမေရိကန် နှလုံးရောဂါဆိုင်ရာအဖွဲ့အစည်းက ရေနွေးကြမ်း သောက်ခြင်းသည် နှလုံးကျန်းမာရေးနှင့်အတူ ဦးနှောက် လုပ်ဆောင်ချက်အချို့ကိုတိုးတက်စေသည်ဟု ဖော်ပြ ထားပါသည်။





### ရေနွေးကြမ်းအလွန်အကျွံသောက်ခြင်းကြောင့် ဖြစ်နိုင်သောဆိုးကျိုးများ

ရေနွေးကြမ်းသည် အချိုလွန်ကဲသော အဖျော် ယမကာများထက် ကျန်းမာရေးကို ပိုမိုအကျိုးပြု သော်လည်း အလွန်အကျွံသောက်သုံးပါက ဆိုးကျိုး များ တွေ့ကြုံရနိုင်သည်။ ဥပမာအားဖြင့် လက်ဖက် ခြောက်တွင် Tannins ပါရှိသဖြင့် ရေနွေးကြမ်းအလွန် အကျွံသောက်ခြင်းသည် အစာခြေလမ်းကြောင်း အတွင်း သံဓာတ်စုပ်ယူမှုကို ဟန့်တားနိုင်သောကြောင့် သံဓာတ်ချို့တဲ့မှုကိုဖြစ်ပေါ်စေနိုင်သည်။ လက်ဖက် စိမ်းသည် ကဖိန်းဓာတ်ပါသောကြောင့် လက်ဖက်စိမ်း ရေနွေးကြမ်း အလွန်အကျွံသောက်သုံးခြင်းသည် စိတ်တုန်လှုပ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အိပ်မပျော်ခြင်း စသည့်လက္ခဏာများကိုဖြစ်စေနိုင်သည်။ လက်ဖက် စိမ်း၏ကျန်းမာရေးအကျိုးကျေးဇူးများသည် သကြား သို့မဟုတ် ပျားရည်ပမာဏများ ပေါင်းထည့်၍ သောက်သုံးခြင်းဖြင့် ပျက်စီးသွားနိုင်သည်။ ထို့ကြောင့် ထည့်မည့်အချိုပမာဏကိုသတိထားရပါမည်။ အရသာ ထည့်ရန် သကြားအစား သံပရာသီးတစ်ခြမ်းကို ရွေးချယ်လျှင် ကျန်းမာရေးအတွက် အကျိုးကျေးဇူး များပါသည်။

### အကြံပြုချက်များ

၁။ ကိုယ်အလေးချိန် လျှော့ချလိုသူများအတွက် အစာစားပြီးပြီးချင်း ရေနွေးကြမ်းသောက်နိုင်ပါသည်။ ကိုယ်အလေးချိန်လျှော့ချခြင်း၏ အကျိုးကျေးဇူးကို ရရှိစေရန်အတွက် တစ်နေ့လျှင် ၃ - ၅ ခွက်သောက် ရန် အကြံပြုထားသည်။

၂။ ဦးနှောက်ကျန်းမာရေးအတွက် ရေနွေးကြမ်း သောက်ရန် အကောင်းဆုံးအချိန်သည် နံနက်စာစားပြီး မွန်းလွဲ ၁ နာရီမှ ၂ နာရီအတွင်းဖြစ်ပါသည်။ အစာ စားပြီး တစ်နာရီမှ နှစ်နာရီအတွင်း ရေနွေးကြမ်းသောက် လျှင် အစာကြေညက်မှုကို အထောက်အကူဖြစ်စေပါ သည်။

၃။ ကျန်းမာသောလူနေမှုပုံစံဖြင့် နေထိုင်နေသူ အများစုအတွက် ရေနွေးကြမ်းကို နေ့စဉ် တစ်ခွက်မှ နှစ်ခွက်အထိ သောက်သုံးခြင်းသည် ကျန်းမာရေး အကျိုးကျေးဇူးအားလုံးကိုရရှိနိုင်ပြီး ဘေးကင်းပါ သည်။

၄။ အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါရှိသူ များတွင် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင် ပြီး နှလုံးနှင့်အူလမ်းကြောင်းအတွက် ကောင်းမွန်သဖြင့် နေ့စဉ် ရေနွေးကြမ်းသောက်ပေးနိုင်ပါသည်။

၅။ သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါရှိသူများ၊ အစာအိမ်ရောဂါရှိသူများ၊ သွေးကျဲဆေးသောက်နေ သူများ၊ ရင်တုန်တတ်သူများနှင့် ကဖိန်းဓာတ်ကို ရှောင်ကြဉ်သူများအနေဖြင့် ရေနွေးကြမ်းသောက်ခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

၆။ ကဖိန်းဓာတ်သည် ကျန်းမာစွာအိပ်စက်ခြင်းကို ထိခိုက်စေနိုင်သဖြင့် အိပ်ရာဝင်ခါနီး ရေနွေးကြမ်း သောက်ခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

၇။ လက်ဖက်ခြောက်စိမ်ထားသော ရေနွေးကြမ်း ကို သွေးကျဲဆေး ၊ စိတ်ကျသက်သာဆေး၊ သွေးကျ ဆေးများအပါအဝင် ဆေးများနှင့်တွဲသောက်ခြင်းသည် ဆေးအာနိသင်ကို ထိခိုက်စေနိုင်သဖြင့် ရှောင်ကြဉ် သင့်ပါသည်။

၈။ ကိုယ်ဝန်ဆောင်ချိန်တွင် တစ်နေ့လျှင် ရေနွေး ကြမ်း သုံးခွက်ထက်ပိုသောက်ပါက အန္တရာယ်ရှိပါ သည်။ လက်ဖက်စိမ်းသည် ဖောလစ်အက်စစ်ချို့တဲ့ ခြင်းနှင့်ဆက်စပ်သော ကလေးမွေးရာပါချို့ယွင်းမှု ဖြစ်ခြင်းနှင့် ကိုယ်ဝန်ပျက်ကျနိုင်သော အန္တရာယ်ရှိပါ သည်။

ရေနွေးကြမ်းသည် ကျန်းမာရေးအကျိုးကျေးဇူး များစွာကိုပေးစွမ်းနိုင်သောကြောင့် မျက်မှောက်ခေတ် တွင် လူတို့၏အာရုံစူးစိုက်မှုတိုးမြင့်လာသော စိတ် အပန်းပြေစေသည့် ဖျော်ရည်တစ်မျိုးဖြစ်ပါသည်။ ကော်ဖီထက် ကဖိန်းနှင့်ကယ်လိုရီနည်းပြီး အရသာ ရှိသော အချိုမပါသည့်ဖျော်ရည်ကို ရှာဖွေနေပါက ရေနွေးကြမ်းသည် ခန္ဓာကိုယ်အတွက် အကျိုးရှိသော ရွေးချယ်မှုတစ်ခုဖြစ်သည်။ အချုပ်အားဖြင့်ဆိုသော် တန်ဆေး လွန်ဘေးဆိုသည့်အတိုင်း ရေနွေးကြမ်းကို ချင့်ချိန်၍သောက်သုံးခြင်းဖြင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိနိုင်ကြောင်း အကြံပြုရေးသား လိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

---

ရေနံချောင်း၊ သဘာဝဘေးကာကွယ်ရေး

## ရေဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ သည် ရေဘေးနှင့်မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန် အချက်များကို ပြည်သူများသတိပြုနိုင်ရန် အတွက် မေလ ၂၆ ရက်နှင့် ၂၇ ရက်တို့ တွင် မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများ၊ ကမ်းနားရပ်ကွက်များနှင့် ရေဆိပ်များအနီး သို့ လှည့်လည်၍ သတိပေးနှိုးဆော်ခြင်း များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ မိုးကြိုကာလ တွင် ရေဘေးနှင့် မိုးကြိုးဘေးအန္တရာယ် များ ကျရောက်နိုင်သည့်အတွက် ပြည်သူ များအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ကြေညာ ချက်များကို စဉ်ဆက်မပြတ်စောင့်ကြည့် လေ့လာပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင် ရန်နှင့် ရေဘေးနှင့် မိုးကြိုးဘေးအန္တရာယ် မကျရောက်မီ၊ ကျရောက်နေစဉ်နှင့် ကျရောက်ပြီးအချိန်များတွင် လုပ်ဆောင် ရမည့်အချက်များကိုသိရှိနိုင်ရန် မြို့ပေါ် ရပ်ကွက်များ၊ ညောင်လှကမ်းနားရပ်၊ သစ်တပွေကမ်းနားရပ်၊ ဆားတိုင်ကျေးရွာ နှင့် မြစ်၊ ချောင်းများအနီးကျေးရွာများ၌ အသိပညာပေးလှည့်လည်နှိုးဆော်ခဲ့သည်။

အသိပညာပေးနှိုးဆော်ခြင်းကို ရေနံ ချောင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီး ဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီ အသင်းခွဲတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

ရန်ကုန်၊ စီးပွားရေး

# ယခုဘဏ္ဍာနှစ်တစ်လကျော်ကာလအတွင်း ပြည်ပသို့စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရရှိ



ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၁၇ ရက်အထိ တစ်လကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏စာရင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၁၇ ရက်အထိ တစ်လကျော်ကာလအတွင်း စက်မှုကုန်ချောတင်ပို့ရာတွင် ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈၅ ဒသမ ၄၁ သန်းနှင့် နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၈၂ ဒသမ ၁၀၅ သန်းရရှိခဲ့သည့်အတွက် ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၆၇ ဒသမ ၅၁၅ သန်းရရှိကြောင်း သိရသည်။

ပြည်တွင်းမှ ပြည်ပသို့ ယခုဘဏ္ဍာနှစ်တစ်လကျော်ကာလအတွင်း လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်များတင်ပို့ရာတွင် ပို့ကုန်တင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇၆၂ ဒသမ ၇၇၅ သန်းရရှိခဲ့ပြီး ယင်းပို့ကုန်များတွင် စက်မှုကုန်ချောတင်ပို့မှုမှ အများဆုံးရရှိကြောင်း သိရသည်။

ပြည်တွင်းမှ ပြည်ပသို့တင်ပို့သောပို့ကုန်တွင် စက်မှုကုန်ချောဖြစ်သည့် ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမနေရာတွင်ရှိပြီး စက်မှုကုန်ချောပစ္စည်းများထဲတွင် ချုပ်ပြီးအထည်များအပြင် သကြား၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့၊ စသည့်ပစ္စည်းများတင်ပို့ကြောင်း သိရသည်။

ထို့ပြင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုလည်း တင်သွင်းကြောင်း သိရသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်တစ်နှစ်တာကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံကျော်ရရှိကြောင်း သိရသည်။ **စောယု**

ပင်လောင်း၊ သောက်သုံးရေရရှိရေး

# ပင်လောင်းမြို့နယ်၌ အိမ်တိုင်ရာရောက်ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာအုပ်စု ဆည်ခေါင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ နွေရာသီတွင် ရေရှားပါးမှုကိုဖြေရှင်းနိုင်ရန် သန့်ရှင်းသောသောက်သုံးရေ ရာသီမရွေးဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ UNICEF နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အိမ်တိုင်ရာရောက် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေလ ၂၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ဆည်ခေါင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေများ အဆင်ပြေစွာသုံးစွဲနိုင်ရေးအတွက် အရှည် ပေ ၉၁၀၀ ရှိ စိမ့်စမ်းရေအမြင့်တင်သွယ်ယူခြင်းလုပ်ငန်း၊ အရှည် ၁၀၉၉၃ ပေရှိ ကျေးရွာတွင်းရေမီတာပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် အိမ်တိုင်ရာရောက်ရေမီတာရေပေးစနစ်တပ်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ထားမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရေပေးဝေရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ကျေးရွာမှလိုအပ်သည်များကို ပံ့ပိုးကူညီပေးရန် ပြောကြားသည်။

အဆိုပါ အိမ်တိုင်ရာရောက် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုငွေ ငွေကျပ် ၁၃၂ ဒသမ ၃၂ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၀ ဒသမ ၅ သန်းနှင့် UNICEF မှ တစ်လက်မခွဲပိုက် ၆၈၈ လုံး၊ နှစ်လက်မပိုက် ၉၄၄ လုံးပံ့ပိုးပေးပြီး အဆိုပါလုပ်ငန်းများကို မေလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မောင်နိုင်**

ကလေး၊ ကမ်းပြိုကာကွယ်ရေး

# ကလေးမြို့ အောင်မေတ္တာရပ်ကွက်အနီး၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်မေတ္တာရပ်ကွက်အနီး၌ မြစ်သာမြစ် ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် စတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ဒေသ (၆) ရေ အရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကလေးမြို့ အောင်မေတ္တာရပ်ကွက်အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ဖို့ တင်ဒါခေါ်ယူခဲ့ရာမှာ မျိုးသူခန့်ကုမ္ပဏီက ငွေကျပ် ၂၄၅ သန်းနဲ့ တင်ဒါအောင်မြင်ပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ သံကူကွန်ကရစ် ၄ လက်မပတ်လည်၊ ၈ ပေအမြင့်ရှိတဲ့ RCC Porcupine တွေချထားပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု ဒေသ (၆) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးကပြောသည်။

မြစ်သာမြစ်အနီး၌ နေထိုင်ကြသော ပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အဆိုပါအောင်မေတ္တာရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုငွေ ငွေကျပ်သန်း ၂၅၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

ရန်ကုန်၊ သာသနာရေး

# ရွှေတိဂုံစေတီတော်၌ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက သံဃာတော် ၅၅၅၅ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၌ ဗီယက်နမ်နိုင်ငံရှိ အလှူရှင်များ ဦးဆောင်၍ သံဃာတော် ၅၅၅၅ ပါးတို့အား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ယင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေလ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းက သံဃာတော်များနှင့်လိုက်ပါမည့် ကျောင်းသားများ စီမံထားရှိမှုကိုလည်းကောင်း၊ တိုင်းဒေသကြီး သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးဇော်ဦးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အထူးပင့်ဆောင်မည့်သံဃာတော်များအား လျှောက်ထားမည့်အစီအစဉ်ကိုလည်းကောင်း၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ အလှည့်ကျဂေါပကက ရွှေတိဂုံစေတီတော်ရင်ပြင်တွင် အခမ်းအနားကျင်းပနိုင်ရေး နေရာစီစဉ်ဆောင်ရွက်ထားရှိမည့် အခြေအနေကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က သံဃာတော်များအတွက် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမင်းဇော်က ယာဉ်ရပ်နားမည့်နေရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များအဖွဲ့ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက အလှူရှင်များလောင်းလှူမည့်ပစ္စည်းများနှင့် အလှူရှင်များ၏ အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များပြောကြားကြောင်း သိရသည်။ **ဝန်းရံခ**

# ဥဒပါနဒါန မြတ်ကုသိုလ် အခွင့်အရေးလက်မနေ့းစေလို

**အမောင်**



ရွှာဟောင်းကြီးကန်နှင့် ရေတော်မုနိကန် တူးဖော်နေမှုကိုတွေ့ရစဉ်။



ဇေယျဝတီ(ဇေယျဝေရီ)ကန် တူးဖော်နေမှုကိုတွေ့ရစဉ်။



မြကန်ရေလှောင်တမံကိုတွေ့ရစဉ်။



မင်္ဂလာကန် အမှတ်(၃)တူးဖော်နေမှုကိုတွေ့ရစဉ်။

မြန်မာနိုင်ငံတွင် ရှေးဘိုးဘေးဘီဘင်များလက်ထက်ကတည်းက ရေ၏အရေးပါအဖိုးတန်မှုအတွက် ဆိုရိုးတစ်ခုတီထွင်မှုပြုခဲ့ကြသည်။ **"ရေအသက် တစ်မနက်"** ဟူ၍ ဖြစ်သည်။ စင်စစ်အားဖြင့် ရေသည် ကမ္ဘာပေါ်ရှိလူသားများနှင့် သက်ရှိများအားလုံး အသက်ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်တစ်ခုဖြစ်သည်။ထို့ပြင် ကျန်းမာရေးနှင့်သန့်ရှင်းရေး၊ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာများ အတွက်လည်း ရေသည် အရေးပါလှသည်။

ရေသာမရှိလျှင် လူ၊ တိရစ္ဆာန်၊ သစ်ပင်၊ သက်ရှိ၊ သက်မဲ့ အလုံးစုံရေရှည်ရပ်တည်နိုင်စွမ်းမရှိပေ။ စိုက်ပျိုးရေးလုပ်ငန်း၊ စက်ရုံများလည်ပတ်နိုင်ရေး၊ ရေအားလျှပ်စစ်ကဏ္ဍ စသည်တို့သည် ရေသာမရှိပါက ရပ်ဆိုင်းသွားကြပေမည်။ ကမ္ဘာ့မြေမျက်နှာပြင်အား တိုင်းတာလေ့လာချက်များအရ ကုန်းပိုင်းနှင့်ရေပိုင်းခွဲခြားရာတွင် ၇၁ ရာခိုင်နှုန်းမှာ ရေဖုံးလွှမ်းဧရိယာများဖြစ်ကြောင်း သုတေသီများက တွက်ချက်သည်။ ထိုရေပမာဏတွင်မှ အများစု (၉၆ ရာခိုင်နှုန်းကျော်)သည် ပင်လယ်သမုဒ္ဒရာများထဲမှ ဖြစ်ကြသည်။ လူသားတို့အတွက် မဖြစ်မနေသုံးစွဲရသောရေသည် ရေချိုဖြစ်၏။ ၇၁ ရာခိုင်နှုန်းသော ရေထုထဲတွင်မှ သောက်သုံး၍ရသော သင့်လျော်သည့် ရေချိုပမာဏသည် ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိ၏။ ထိုရေချိုများသည် ပြန်လည်ပြည့်ဖြိုးမြဲရေများဖြစ်ကြပေသည်။ အလွန်တရာနည်းပါးလှသောရေချိုအား ကမ္ဘာ့လူသန်းပေါင်း ၇၀၀၀ ကျော် မျှဝေသုံးစွဲနေရခြင်းဖြစ်၏။ မျှဝေသုံးစွဲသည်ဟုဆိုသော်ငြား ကမ္ဘာ့ပထဝီအနေအထားအရ အချို့သောနိုင်ငံများမှာ အင်မတန်ဆိုးရွားစွာ ရေပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေကြသည်။

ရေသည် မည်မျှအရေးပါသနည်းဟုဆိုပါလျှင် ဘုရားရှင်လက်ထက် ကပ္ပိလဝတ်ပြည်နှင့် ကောလိယနှစ်ပြည်ထောင် ရောဟဏီမြစ်ရေခွဲဝေသုံးစွဲမှုမှ စတင်ကာ စစ်မက်ဖြစ်ပွားခဲ့ရသော ရာဇဝင်ရှိခဲ့သည်ကိုမှတ်သားရပေသည်။ ရှေးရှေးပဝေသဏီကာလများမှသည် ရေကိုအဓိကလက်နက်တစ်ခုသဖွယ်အသုံးပြုလျက် နိုင်ငံရေးအားပြိုင်မှု၊ အမြတ်ထုတ်မှုများကိုထောက်ရှုခြင်းအားဖြင့် ရေသည်လူနှင့်လူ့ပတ်ဝန်းကျင် တိုးတက်ပြောင်းလဲရေးအတွက် အလွန်အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကိုတွေ့ရှိရပေမည်။

မြန်မာနိုင်ငံ၏ပုဂံဒေသသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် တည်ရှိပြီး ရှေးဟောင်းဘုရားစေတီသုံးထောင်ကျော် စုဝေးတည်ရှိသည့်နေရာတစ်ခုဖြစ်သည်။ မြန်မာတို့၏အထင်ကရ ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုလည်းဖြစ်သည်။ မြန်မာတို့၏အသည်းနှလုံးဆိုလျှင်လည်း မမှားပေ။ အေဒီ ၁၁ ရာစုမှ ၁၃ ရာစုအထိ ထွန်းကားခဲ့သော ပုဂံခေတ်အနုပညာလက်ရာများဖြင့် ကမ္ဘာကျော်သည့် သမိုင်းဝင်နေရာတစ်ခုဖြစ်ပေသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက် UNESCO ၏ (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာခဲ့သည်။ အဆိုပါပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ်သတ်မှတ်ခြင်းနှင့်အတူ ဆောင်ရွက်ရမည့် အကြံပြုချက် (၁၉)ချက်ရှိကြောင်း သိရှိရသည်။ ယင်းအကြံပြုချက်များအထဲတွင် ပုဂံခေတ်ရေအရင်းအမြစ်များ၊ ရှေးဟောင်းရေကန်များနှင့် မူလရေလမ်းကြောင်းများအား သုတေသနပြုပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လည်းပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေလတွင် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်ခဲ့သည်။ မိုခါမုန်တိုင်းတိုက်ခတ်ခံရသည့်အထဲတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကြသည့် စေတီ၊ ဂူဘုရား၊ သိမ်၊ ကျောင်းစသည့် သာသနိကအဆောက်အအုံအချို့လည်း အနည်းအကျဉ်းထိခိုက်မှုရှိခဲ့သည်။ ထိုမုန်တိုင်းကြောင့်ပင် ရှေးဟောင်းအဆောက်အအုံများ၏တံတိုင်းအတွင်းနှင့် အနီးပတ်ဝန်းကျင်နေရာများတွင် ရေကြီးရေလျှံမှု၊ ရေဝပ်မှုများဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မိုခါမုန်တိုင်းတိုက်ခတ်ပြီးပြီးချင်း ၁၅- ၅-၂၀၂၃ ရက်မှ ၁၆-၅-၂၀၂၃ ရက်အထိ ပုဂံသို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး **"ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေကြီးရေလျှံမှုများထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့ကိုဖွဲ့စည်း၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်"** လမ်းညွှန်မှာကြားခဲ့သည်ကို သိရှိရသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း၊ မြေဆီလွှာကိုလည်းကောင်း လေ့လာဆန်းစစ်လုပ်ဆောင်လျက်ရှိသည်။ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ်သတ်မှတ်ခြင်းတွင် အကြံပြုထားသည့် ပုဂံခေတ်ရေအရင်းအမြစ်များ၊ ရှေးဟောင်းရေကန်များနှင့် မူလရေလမ်းကြောင်းများအားသုတေသနပြု၍ ပြန်လည်ဖော်ထုတ်ရာတွင် ဒေသခံပြည်သူများ၏ လူမှုဘဝအခြေအနေနှင့် ကိုက်ညီသည့် ပတ်ဝန်းကျင်ကိုမထိခိုက်စေရန် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပုဂံဒေသ၏ မြို့ပြယဉ်ကျေးမှုအထွန်းကားဆုံးအချိန်၊ နည်းပညာအမြင့်မားဆုံးအချိန်ကာလတွင် နည်းလမ်းမျိုးစုံဖြင့် ရေကို စနစ်ကျစွာစီမံခန့်ခွဲခဲ့ကြသည်ကို ရှေးခေတ်ရေလမ်းကြောင်းနှင့် ရေကန်များက သက်သေပြလျက်ရှိသည်။ အဆိုပါ

**စာမျက်နှာ ၁၂ သို့ ***

* စာမျက်နှာ ၁၁ မှအဆက်

ရေကန်များအား ပြန်လည်တူးဖော်ခြင်း၊ ရေအရင်းအမြစ်များအား ထိန်းသိမ်းခြင်းဖြင့် လူမှုစီးပွားဘဝသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် အထောက်အပံ့ကောင်းတစ်ခုပင် ဖြစ်ပေသည်။

ပုဂံရှိရှေးဟောင်းသာသနိကအဆောက်အအုံများသည် မူလဆောက်လုပ်စဉ်ကတည်းကပင် ရေထွက်ပေါက်များ၊ ရေထုတ်စနစ်များကို ယင်းခေတ်ပညာရှင်များက စနစ်တကျထည့်သွင်းဆောက်ရွက်ခဲ့ကြပြီးဖြစ်သည်။ မိုးများရွာသွန်းပါကလည်း ရေကြီးရေလျှံမှုမဖြစ်အောင် ရေစီးနိုင်မည့်လမ်းကြောင်းများကို ထည့်သွင်းဖောက်လုပ်ခဲ့ကြသည်။ သို့သော် ယခုအခါ ကမ္ဘာ့အမွေအနှစ်ပုဂံမြေသည် ခေတ်ကာလကြာမြင့်လာခဲ့ပြီဖြစ်သဖြင့် ရေစီးရေလာလမ်းကြောင်းများ ပျက်စီးပျောက်ဆုံးပြီး ဘုရား၊ ပုထိုး၊ ဂူ၊ ကျောင်းများနှင့်သာသနိကအဆောက်အအုံများအတွင်း ရေများဝင်ရောက်၍ ရေစီးရေလျှံခြင်းဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၅.၅.၂၀၂၄ ရက်တွင် ပုဂံသို့သွားရောက်ခဲ့သည့် ခရီးစဉ်၌ မြန်မာသက္ကရာဇ် ၄၅၀ ခုနှစ်၊ ခရစ်နှစ် ၁၀၈၈ ခုနှစ် ပုဂံခေတ်ရှေးမြန်မာမင်းများလက်ထက်ကတည်းက ကျန်စစ်သားမင်းကြီး တည်ဆောက်ခဲ့သည့် မြကန်ရေလှောင်တမံသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးစဉ်တွင် **“ရေလှောင်တမံများအား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရေး တာတမံများ၏ ခံနိုင်ရည်စံနှုန်းအရည်အသွေးစစ်ဆေးခြင်းများကို အဆင့်အလိုက် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ဆည်တာတမံများကိုသာမက ရေဝင်ရေထွက်မြောင်းများကိုလည်း ကောင်းမွန်**

**● ဗုဒ္ဓဘာသာမြန်မာလူမျိုးများအတွက် ကုသိုလ်အမြဲတိုးပွားစေမည့် ထာဝရဒါန ၆ မျိုးတွင် “ဥဒပါနဒါန” ဆိုသည့် ရေတွင်းရေကန်လှူဒါန်းရခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အများအကျိုးအတွက် ကောင်းသောစိတ်ထားဖြင့် ရေတွင်းရေကန်တူးဖော်ခြင်းမှရရှိသော ကုသိုလ်အကျိုးကျေးဇူးကြောင့် သေမည့်နေ့ကိုပင် ရွှေ့လိုက်နိုင်သောပုဏ္ဏားကြီးအကြောင်းလည်း ကြားဖူးကြပေလိမ့်မည်။**

**အောင်ဆောင်ရွက်ထားရှိရန်လိုအပ်သည့်အတွက် ရေလှောင်တမံများ၊ ရေလှောင်ကန်များအားလုံး၏ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ဆည်ရေသောက်ဧရိယာတစ်လျှောက် လမ်းကြောင်းများအတွင်း ရေကြောင်းပိတ်ဆို့မှုမရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေး အသေးစိတ်လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ ရေသည်အထက်မှ အောက်သို့သာ စီးဆင်းတတ်သည့်သဘောသဘာဝဖြစ်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေဝင်ရောက်သည့် အနိမ့်ပိုင်းများ၌ ရေဝင်ထွက်မှုကောင်းအောင် ဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ မိုးရွာသွန်းမှုများပြားပါက ရှေးဟောင်းဘုရားစေတီပုထိုးများအတွင်းသို့ ရေစိမ့်ဝင်မှုများပြားလာပြီး ရှေးဟောင်းအမွေအနှစ်များကို အနည်းနှင့်အများထိခိုက်ပျက်စီးလာစေနိုင်ကြောင်း၊ ထို့ကြောင့် ရေစီးရေလာကောင်းမွန်မှုရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေး အဓိကထားဆောင်ရွက်ရန်လိုကြောင်း”**တို့ကို အသေးစိတ်လမ်းညွှန်မှာကြားခဲ့ကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် နိုင်ငံတော်အကြီးအကဲအနေဖြင့် မြကန်ရေလှောင်တမံအပြင် ဖျောက်ဆိပ်ပင်ကန်အမှတ်(၁/၂/၃)၊ ဇေယျဝတီ(ဇေယျဝေဇီ)ကန်၊ မင်္ဂလာကန်အမှတ်(၃)၊ ရွာဟောင်းကြီးကန်၊ ရေတော်မုနိကန် ပြန်လည်တူးဖော်ထိန်းသိမ်းထားရှိမှုအခြေအနေများကိုလည်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ပုဂံဒေသရေရရှိစေရေး လမ်းညွှန်ဆောင်ရွက်ပေးခဲ့မှုများကိုလည်း သိရှိရသည်။

လက်ရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏အကြံပြုချက်အရ ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသည့် ရှေးဟောင်းရေကန် ၉၁ ကန်ရှိသည်။ ယင်း ၉၁ ကန်အနက် ပထမအဆင့်တွင် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့်တွင် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ပြန်လည်တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိရှေးဟောင်းရေကန်များအား ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အစိုးရမှ စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိပြီး ထာဝရကုသိုလ်ဖြစ်သည့် ရေကန်များပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်လှူဒါန်းလိုသူ စေတနာရှင်ပြည်သူများအနေဖြင့်လည်း ပါဝင်လှူဒါန်းနိုင်ရေး နေ့စဉ်ထုတ်သတင်းစာများ၌လည်း နှိုးဆော်ထားသည်ကို တွေ့မြင်ရသည်။

ထိုသို့ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အားလုံးကိုပါဝင်ကုသိုလ်ပြုခွင့်ရစေချင်မိသည်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးများအတွက် ကုသိုလ်အမြဲတိုးပွားစေမည့် ထာဝရဒါန ၆ မျိုးတွင် “ဥဒပါနဒါန” ဆိုသည့်ရေတွင်းရေကန်လှူဒါန်းရခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အများအကျိုးအတွက် ကောင်းသောစိတ်ထားဖြင့် ရေတွင်းရေကန်တူးဖော်ခြင်းမှရရှိသော ကုသိုလ်အကျိုးကျေးဇူးကြောင့် သေမည့်နေ့ကိုပင်ရွှေ့လိုက်နိုင်သော ပုဏ္ဏားကြီးအကြောင်းလည်း ကြားဖူးကြပေလိမ့်မည်။ ရေတွင်းဟုဆိုရာတွင် လက်ဖြင့်တူးသည့် ရေတွင်းဖြစ်စေ၊ စက်ဖြင့်တူးသည့်ရေတွင်းဖြစ်စေ အကျုံးဝင်သည်။ ရေကန်ဟုဆိုရာတွင် ရေသိုလှောင်စေနိုင်သည့် ဝတ္ထုပစ္စည်းအားလုံးကိုဆိုလိုသည်။ ထို့ကြောင့် ပုဂံဒေသရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခြင်းသည် ထာဝရဒါနကုသိုလ်တစ်ခုကို ပြုခြင်းလည်းမည်သည်။

ထို့ပြင် ရေတွင်းရေကန်လှူဒါန်းရခြင်းသည် -

“သန့်ရှင်းကျော်ကြား၊ များပြားခြံရံ၊
လျင်မြန်ကိုယ်စိတ်၊ မွတ်သိပ်ကင်းပြန်၊
သက်ရှည်ဆင်းလှ၊ သုခဗလံ၊

ပညာတိုး ရေကျိုးမှတ်ဖို့ရန်” ဆိုသည့် ရေအကျိုး(၁၀)ပါးနှင့်လည်း ပြည့်စုံပါသည်။

သို့ဖြစ်ရာ ပုဂံဒေသရှိရှေးဟောင်းရေတွင်းရေကန်များကို ရှေးခေတ်ရေအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်များအတိုင်း စနစ်တကျထိန်းသိမ်းစောင့်ရှောက်ကာ ယခုထက်မက ပိုမိုမြှင့်တင်ပေးခြင်းဖြင့် ပုဂံဒေသအဓွန့်ရှည်တည်တံ့ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြစေလိုသည်။ နိုင်ငံတော်၏အသည်းနှလုံး ကမ္ဘာ့အမွေအနှစ်ပုဂံမြေကို ကမ္ဘာတည်သရွေ့တည်ရှိနိုင်စေရန် နိုင်ငံတော်အစိုးရနှင့်အတူ ရပ်ကွက်ရှင်လူပြည်သူတစ်ရပ်လုံးမှတတ်အားသမျှပါဝင်ကူညီလှူဒါန်းရမည့် ထူးမြတ်သည့် အချိန်အခါကောင်းဖြစ်ပါကြောင်း ဆန္ဒမွန်ပြုအပ်ပါသည်။ ။

**● ရေတွင်းဟုဆိုရာတွင် လက်ဖြင့်တူးသည့်ရေတွင်းဖြစ်စေ၊ စက်ဖြင့်တူးသည့်ရေတွင်းဖြစ်စေ အကျုံးဝင်သည်။ ရေကန်ဟုဆိုရာတွင် ရေသိုလှောင်စေနိုင်သည့် ဝတ္ထုပစ္စည်းအားလုံးကိုဆိုလိုသည်။ ထို့ကြောင့် ပုဂံဒေသရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခြင်းသည် ထာဝရဒါနကုသိုလ်တစ်ခုကို ပြုခြင်းလည်းမည်သည်။**

ရန်ကုန် မေ ၂၇

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နိုင်ငံ့ဝန်ထမ်းသားသမီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နေပြည်တော်ကောင်စီနယ်မြေမှ နိုင်ငံ့ဝန်ထမ်းသားသမီးများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းသားသမီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများ




တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းသားသမီးများကို ပညာသင်ထောက်ပံ့မှုအဖြစ် ယခင်နှစ်များနည်းတူ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်း Grade-10 တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုဘာသာရပ်များကို လေ့လာသင်ကြားနိုင်စေရန် စီစဉ်ထားပြီးဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့စိတ်ပါဝင်စားသည့် ဘာသာရပ်ကို လေ့လာနိုင်ကြမည်ဖြစ်ကြောင်း၊ ထူးချွန်မှုအလိုက် စိုက်ပျိုးရေးသိပ္ပံကျောင်းများနှင့်မွေးမြူရေးဒီပလိုမာသင်တန်းများ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တို့တွင် ဆက်လက်သင်ကြားခွင့်ရရှိကြမည်ဖြစ်၍ အလေးထားစဉ်းစားဆောင်ရွက်ကြရန်နှင့် မှန်ကန်စွာဝေဖန်ပိုင်းခြားတတ်သည့် ပညာတတ်လူငယ်များအဖြစ် နိုင်ငံတော်၏ အနာဂတ်ကို ကောင်းသည်ထက်ကောင်းအောင် ပုံဖော်နိုင်ကြစေရေး အားထုတ်ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ယူကြမည့် မူလတန်းအဆင့် ၁၃၇၂ ဦး၊ အလယ်တန်းအဆင့် ၆၉၇ ဦး၊ အထက်တန်းအဆင့် ၇၄၇ ဦး စုစုပေါင်း ၂၈၁၆ ဦးတို့အတွက် ပညာသင်ထောက်ပံ့မှုအဖြစ် တစ်ဦးလျှင် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ၊ ဘောပင်တစ်ဒါဇင်ကို ထောက်ပံ့ပေးအပ်ကြရာ ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၃၈/၂၀၂၄**
၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၃၉/၂၀၂၄**
၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

ရန်ကုန် မေ ၂၇

# နိုင်ငံတော်အစိုးရမှ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့်အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေတွင် တွေ့ကြုံရသည့်တိုင် မြန်မာသံရုံးနှင့်သက်ဆိုင်ရာသံရုံးများချိတ်ဆက်ပြီး အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာအမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ နိုင်ငံတော်မှ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မမေဖြူလတ်သည် မေလ ၂၆ ရက် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှဒေသစံတော်ချိန် ည ၈ နာရီတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ဒူဘိုင်းမြို့နှင့် နယူးဒေလီမြို့တို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ယနေ့ညနေ ၄ နာရီတွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မမေဖြူလတ်သည် ရီရတ်ဒ်မြို့တွင်အလုပ်လုပ်ကိုင်စဉ် အိမ်ရှင်နှင့် အဆင်မပြေမှုကြောင့် ဒူဘိုင်းမြို့ အေးဂျင့်ရုံးသို့ ပြန်ပို့ပေးရန်တောင်းဆိုခဲ့ရာ ခွင့်မပြုသည့်အတွက် ထိုအိမ်မှထွက်ပြေးစဉ် လမ်း၌ ပါကစ္စတန်လူမျိုးနှစ်ဦးနှင့်တွေ့ဆုံ၍ အခြားအိမ်တစ်အိမ်သို့ ပို့ဆောင်ခဲ့သောကြောင့် ထိုအိမ်တွင် နှစ်လကျော်အလုပ်လုပ်ကိုင်ခဲ့ရပြီး အိမ်ရှင်အား ဒူဘိုင်းမြို့သို့ ပြန်လည်ပို့ဆောင်ပေးရန် တောင်းဆိုခဲ့ရာ လေဆိပ်သို့ ပို့ဆောင်ပေးခဲ့သဖြင့် ၁၂ ရက်ကြာ လေဆိပ်တွင်နေထိုင်ခဲ့ရကာ King Khalid International Airport မှ လေဆိပ်တာဝန်ခံအရာရှိက လေဆိပ်တွင်ရောက်ရှိနေသော မြန်မာနိုင်ငံသူ မမေဖြူလတ်အား လာရောက်ခေါ်ဆောင်ပေးနိုင်ပါရန် မြန်မာသံရုံးသို့ ဆက်သွယ်ပြောကြားလာ၍ မမေဖြူလတ်အား မေလ ၁၀ ရက်တွင် လေဆိပ်၌ သွားရောက်ခေါ်ဆောင်၍ မြန်မာသံရုံးတွင် နေရာထိုင်ခင်း၊ အစားအသောက်နှင့်လိုအပ်သောကူညီမှုများကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ မြန်မာနိုင်ငံသူ မမေဖြူလတ်အား ဆော်ဒီအာရေဗျနိုင်ငံမှ အမြန်ဆုံးပြန်လည်ထွက်ခွာနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ပြန်လည်ထွက်ခွာခွင့်(Exit Permit)ရရှိခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုအား မမေဖြူလတ်က "ကျွန်မက ပဲခူးမြို့မှာနေပါတယ်။ ကျွန်မမှာ ကလေးလည်းရှိတဲ့အတွက် ပြည်ပမှာ လုပ်ခလစာများတယ်ဆိုတဲ့ ဆက်သွယ်မှုနဲ့ ရောက်ရှိသွားတာပါ။ ဟိုရောက်တော့ အစားအသောက်မမှန်တာ၊ အိပ်ချိန်နည်းတာ၊ ဘာသာစကားနားမလည်တာနဲ့ လစာတောင်းရာမှာ အခက်အခဲမျိုးစုံကြုံရပါတယ်။ နောက်တစ်အိမ်ကိုရောက်တော့ အလုပ်ဆက်လုပ်လို့မရတော့တာကြောင့် ကျွန်မကို လေဆိပ်မှာပို့ပေးခဲ့တယ်။ လေဆိပ်မှာ ၁၀ ရက်ကြာတော့ အမိနိုင်ငံကို ပြန်မရောက်တော့ဘူးလို့ထင်ထားတာ လေဆိပ်ဝန်ထမ်းတွေက မြန်မာသံရုံးကိုဆက်သွယ်ပေးတော့ ချက်ချင်းလာရောက်ခေါ်ဆောင်တဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါတယ်။ သံရုံးကိုရောက်ချိန်မှာလည်း ဝန်ထမ်းများက အားပေးစကားပြောပြီး လိုအပ်တာတွေအားလုံးကူညီပေးကြတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးဖြစ်ရပါတယ်။ မြန်မာနိုင်ငံကိုပြန်လာတဲ့လမ်းခရီးတစ်လျှောက်မှာလည်း သံရုံးက အစစအရာရာကူညီဆောင်ရွက်ပေးတာကြောင့် အားလုံးအဆင်ပြေချောမွေ့ခဲ့ပြီး မိမိနိုင်ငံရဲ့အပြန်ခရီးဟာ မထင်မှတ်ထားတဲ့ ကူညီဆောင်ရွက်ပေးမှုရဲ့ ကျေးဇူးတို့ကြောင့် အားလုံးချောမွေ့ခဲ့ပါတယ်။ အခုလို ပြည်ပမှာ အခက်အခဲကြုံတွေ့နေရချိန်မှာ ကူညီဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ သံရုံးကဝန်ထမ်းများအားလုံးကို ဒီနေရာကနေ အထူးပဲ လေးလေးစားစား ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်"ဟု တွေ့ကြုံခဲ့ရမှုတို့ကို ပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှိုက်လှဲလှဲအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ-ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၂၄)

၁။ ကလေးသူငယ်များသည် အနာဂတ်ကာလ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူ၍ လက်ဆင့်ကမ်းထမ်းဆောင်ကြမည့်သူများဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါကလေးသူငယ်များ၏ ပညာရည် ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် များစွာမူတည်ပါသည်။ ပညာသင်ကြားခွင့်ဆုံးရှုံးခြင်းသည် ကလေးသူငယ်ကိုယ်တိုင်နှင့် နိုင်ငံ့အနာဂတ်အတွက်ပါ ထိခိုက်သက်ရောက်မှုများဖြစ်ပေါ်စေနိုင်ပါသည်။

၂။ ပညာသင်ကြားခွင့်သည် ကလေးသူငယ်များအတွက် မူလအခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်(၂၆)တွင် "လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်" ဟု ဖော်ပြထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၆၆ (က)တွင်လည်း "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ ပညာသင်ကြားပိုင်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားသည့်အားလျော်စွာ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိနိုင်ရေးနှင့် လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အခြေခံပညာမှစ၍ စနစ်တကျမြှင့်တင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

၃။ ယခုအချိန်သည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကာလဖြစ်ရာ မသန်စွမ်းကလေးသူငယ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့်ဆုံးရှုံးနေရသည့်ကလေးများအပါအဝင် ကျောင်းနေအရွယ်ကလေးတိုင်းမည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေဘဲ မိဘများ၊ တရားဝင်အုပ်ထိန်းသူများ၊ မိသားစုဝင်များနှင့် သက်ဆိုင်သူများအားလုံးက ကလေးများ၏ အကောင်းဆုံးအကျိုးစီးပွားကို အဓိကထည့်သွင်းစဉ်းစား၍ အချိန်မီကျောင်းအပ်နှံနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလေးအနက်တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသား**
**လူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆° C | / | ၂၈.၆° C |
| ရန်ကုန် | ၂၄° C | / | ၂၈.၀° C |
| မန္တလေး | ၂၆° C | / | ၃၂.၄° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ရန်ကုန် မေ ၂၇

# ဗန်းမော်ဆရာတော်ဘုရားကြီး ဘဝနတ်နန်းစံမြန်းတော်မူခြင်း တစ်နှစ်ပြည့်အခမ်းအနားကျင်းပ



နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး ဘဝနတ်နန်းစံမြန်းတော်မူခြင်း တစ်နှစ်ပြည့်အား ရည်စူး၍ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော် ၁၁ ပါးအား နေ့ဆွမ်းဆက်ကပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နတ်စင်တစ်ရာကျောင်းတိုက်၌ကျင်းပသည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌသန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ပင့်သံဃာတော်များ၊ ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ ရေစက်ချတရားနာယူကြသည်။

“ဗန်းမော်ဆရာတော်ကြီးက မြတ်ဗုဒ္ဓသာသနာတော်ပြန့်ပွားအောင် သာသနာ့အကျိုးကို အများကြီးထမ်းဆောင်ခဲ့ပါတယ်။ သာသနာတော်ပြန့်ပွားရေးအတွက်ကိုလည်း မနားမနေဆောင်ရွက်တော်မူခဲ့တဲ့ ဆရာတော်ကြီးလည်းဖြစ်ပါတယ်။ ဆရာတော်ကြီးက ဘုန်းဘုန်းရဲ့ဆရာလည်းဖြစ်တယ်။ ဆရာတော်ကြီးရှိစဉ်အခါကလည်း ဆရာတော်ကြီးကို သိက္ခာထပ်(၁၀)ကြိမ်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆရာတော်ကြီးဘဝနတ်နန်းစံမြန်းတော်မူသွားသော်လည်း ကျေးဇူးရှင်ဆရာတော်ကြီးကို ကျေးဇူးဆပ်သည့်အနေဖြင့် တစ်နှစ်ပြည့်အခမ်းအနားကို ပြုလုပ်ပူဇော်တာပါ” ဟု ပင်မနယ်လှည့်သစ္စာဓိဋ္ဌာန်စတုဒိသာ နတ်စင်တစ်ရာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာတေဇက မိန့်တော်မူသည်။

အဆိုပါဗန်းမော်ဆရာတော်ဘုရားကြီး ဘဝနတ်နန်းစံမြန်းတော်မူခြင်း တစ်နှစ်ပြည့်အခမ်းအနားကို ပင်မနယ်လှည့်သစ္စာဓိဋ္ဌာန်စတုဒိသာနတ်စင်တစ်ရာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာတေဇက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ သန်လျင်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပူဇော်ကြကြောင်းသိရသည်။ **လင်းခန့်**

---

နေပြည်တော် မေ ၂၇

# ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများအသိအမှတ်ပြုမှုအစီအစဉ် စတင်မိတ်ဆက်ခြင်းနှင့် နိုင်ငံအဆင့် အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အသိအမှတ်ပြုမှုအစီအစဉ်စတင်မိတ်ဆက်ခြင်း၊ နိုင်ငံအဆင့် အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ASEAN Master Trainer နှင့် Assessor များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာဘာသာရပ်များကို သင်ကြားပို့ချနေသော ပုဂ္ဂလိကသင်တန်းကျောင်းနှင့် စစ်ဆေးအကဲဖြတ်ဌာန (Assessment Center)များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ ပုဂ္ဂလိကသင်တန်းကျောင်းများအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်ဌာနများက ထုတ်ပြန်ထားရှိသော ပညာရေးဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး သင်ရိုးညွှန်းတမ်းများ တစ်သမတ်တည်းဖြင့် စံချိန်စံညွှန်းမီစေရန် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအသိအမှတ်ပြုမှုအစီအစဉ်ကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ အသိအမှတ်ပြုမှုအစီအစဉ်အောင်မြင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက-အသင်းအဖွဲ့များအားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများအနေဖြင့် သင်ရိုးညွှန်းတမ်းများကို အာဆီယံအဆင့်မီအောင်ပြင်ဆင်ဆောင်ရွက်ပြီး နည်းပြများအနေနှင့်လည်း နိုင်ငံအဆင့် အာဆီယံသင်ကြားရေးဆရာဖြစ် သင်တန်းများတက်ရောက်ပြီး ဝန်ကြီးဌာနမှ အသိအမှတ်ပြုလက်မှတ်များလျှောက်ထားရယူကြရန် လိုအပ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ဝန်ကြီးဌာန အသိအမှတ်ပြုသင်တန်းကျောင်းများဖြစ်ထွန်းလာစေရန်နှင့် အရည်အသွေးပြည့်ဝသောကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများအသိအမှတ်ပြုမှုအစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ-၃ ဦးကျော်မင်းထင်က ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)၌ ကျင်းပသော မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၂) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် "The Establishment of Bakery & Pastry Training" စီမံကိန်း၏ မုန့်ဖုတ်နည်း(အခြေခံ) သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတို့သို့တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေနှင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် အကျိုးရလဒ်များ၊ နိုင်ငံတကာ မုန့်ဖုတ်နည်းအသက်မွေးဝမ်းကျောင်းပညာရပ်များ ဖြန့်ဝေပေးနိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မှုအခြေအနေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိမှုအခြေအနေနှင့် ဝန်ကြီးဌာနမှ သင်တန်းများဖွင့်လှစ်သင်ကြားပေးနေမှုအခြေအနေများကို ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများထံ သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်ပြီး ထူးချွန်စွာအောင်မြင်သောသင်တန်းသားကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းပို့ချနေမှုနှင့် လက်တွေ့ မုန့်ဖုတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၅-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၅ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၃၀ | ၂၇၄၀ | ၃၁၅၀ | ၃၇၅၀ |
| 95 Ron | ၂၇၃၅ | ၂၈၁၀ | ၂၇၉၀ | ၂၇၄၀ | ၂၈၁၀ | ၂၈၂၅ | ၂၈၃၅ | ၂၇၉၀ | ၂၉၂၀ | ၂၉၅၀ | ၂၈၀၀ | ၂၈၁၅ | ၂၈၄၅ | ၂၈၃၅ | ၂၈၅၀ | ၃၂၅၅ | ၃၈၅၀ |
| HSD (500 ppm) | ၂၃၃၅ | ၂၄၁၅ | ၂၃၉၀ | ၂၃၄၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၄၀ | ၂၃၉၅ | ၂၅၂၅ | ၂၅၅၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၈၆၀ | ၃၈၀၀ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၀ | ၂၄၄၀ | ၂၃၉၀ | ၂၄၆၀ | ၂၄၇၅ | ၂၄၈၅ | ၂၄၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၄၅၀ | ၂၄၆၅ | ၂၅၀၀ | ၂၄၈၅ | ၂၅၀၀ | ၂၉၀၅ | ၃၈၆၅ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၀ | ၂၄၄၀ | ၂၃၉၀ | ၂၄၆၀ | ၂၄၇၅ | ၂၄၈၅ | ၂၄၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၄၅၀ | ၂၄၆၅ | ၂၅၀၀ | ၂၄၈၅ | ၂၅၀၀ | ၂၉၀၅ | ၃၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၉ | ၂၅၇၂ |
| 95 Ron | ၂၅၉၄ | ၂၆၈၀ |
| HSD (500 ppm) | ၂၂၀၉ | ၂၂၈၂ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော်     မေ   ၂၇

# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် သန်လျင်တပ်နယ် အားကစားကွင်း၌ပြုလုပ်ရာ ကာကွယ်ရေး ဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ် ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။



၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် ကာကွယ်ရေး ဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းက အဖွင့်အမှာ စကားပြောကြားစဉ်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းက အဖွင့်အမှာ စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲအဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင် အသင်း (၁၁)သင်းဖြင့် ဇွန်လ ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော်     မေ   ၂၇

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။


ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် ဒုတိယ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ ၁၃၉၀ ဦးအတွက် ကျောင်းဝတ်စုံနှင့်စာရေး ကိရိယာများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း ကျောင်းသားတစ်ဦး အား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်စဉ်။

● ကျော့ဖုံးမှအဆက်

မြောက်-အရှေ့မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အားကောင်းသောမုန်တိုင်းငယ် (Deep Depression) အဖြစ်သို့ အားလျော့သွားခဲ့ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့(Dhaka)၏အနောက်မြောက်ဘက်သို့ ရောက်ရှိခဲ့ပြီး မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက် ၆ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။



**သတိပေးနှိုးဆော်ချက်**


အဆိုပါအားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည်တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# အနောက်တောင်မုတ်သုံလေဝင်ရောက်သည့်အခြေအနေ

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ (မိုး/ဇလ)




၂၀၂၄ခုနှစ်၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်များပြပုံ

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“စုပေါင်းကာကွယ် သဘာဝဘေးအန္တရာယ်”** ခေါင်းစဉ်ဖြင့် ၂၉-၅-၂၀၂၄ ရက် မွန်းလွဲ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁နာရီတွင် **“အများပြည်သူပိုင်စာသင်ကျောင်းတွေကိုပါ အာဏာသုံးလုယူလာကြတဲ့အကြမ်းဖက်သောင်းကျန်းသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကိုMessage ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(မိုး/ဇလ)

## ၂၇-၅-၂၀၂၄ ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ကော့သောင်း | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြိတ် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မိုးမိတ် | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ပန်းမော် | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြန်အောင် | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဇလွန် | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

နေပြည်တော် မေ ၂၇

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဥပဒေဘောင် အတွင်း ပြန်လည် ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင် တစ်ဦးအား ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေ အတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင် အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင် များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ် လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တာဝန်ရှိသူများ၊ ဥပဒေ ဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့ ၏မိဘအုပ်ထိန်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက် ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊ သုံးခွမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၆ ဦး၊ အမျိုးသမီး ၁ ဦးနှင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်မှ အမျိုးသား ၁ ဦး၊ စုစုပေါင်း ၈ ဦးတို့အား တာဝန်ရှိသူများက ဝန်ခံ ကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာ များ ပေးအပ်သည်။

ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက် ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များ ကိုယ်စား ဖခင်တစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များ တွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေ ဘောင်အတွင်းသို့လက်နက်အပ်နှံပြီး ပြည်သူ့ ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည် ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင် များက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူ များက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်း ရရှိသည်။ **(၁၀၀)**

---

ရန်ကုန် မေ ၂၇

# အရှေ့တောင်အာရှ ဂျူနီယာချန်ပီယံရှစ်ကြက်တောင် ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်တစ်ခုဆွတ်ခူးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ကြက်တောင်အားကစားအဖွဲ့ပြန်လည်ရောက်ရှိ

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ မေလ ၂၂ ရက်မှ ၂၆ ရက်ထိ ကျင်းပသည့် အရှေ့တောင်အာရှ ဂျူနီယာချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ ၂၀၂၄ (Badminton Asia South East Asia(Under 17 & Under 15) REGIONAL JUNIOR CHAMPIONSHIP 2024) တွင် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ်တစ်ခုဆွတ်ခူးခဲ့သည့် နိုင်ငံ့ ဂုဏ်ဆောင်ကြက်တောင်အားကစားအဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီး ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြ သည်။

နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲရ မြန်မာ ကြက်တောင်အားကစားအဖွဲ့အား မြန်မာ နိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင် ပိုင်၊ ဒုတိယဥက္ကဋ္ဌများနှင့်အမှုဆောင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦးနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘဆွေမျိုး များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၌ အိုးစည်ဗုံးပတ်အကများဖြင့် သောင်း သောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာကြက်တောင် အားကစားသမားများသည် ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အရှေ့တီမောနှင့် အိမ်ရှင်လာအို နိုင်ငံတို့မှ ကြက်တောင်အားကစားသမား များနှင့် အသက် ၁၅ နှစ်အောက်ပြိုင်ပွဲများ ဖြစ်သည့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက် တွဲပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက် ၁၇ နှစ် အောက်ပြိုင်ပွဲများဖြစ်သည့် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုး သား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ဘက်ကစား သမားများအား ပွဲပြတ်များဖြင့် အနိုင်ရရှိ ခဲ့ပြီး နိုင်ငံအတွက် ဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ် သည်။

၎င်းအရှေ့တောင်အာရှ ဂျူနီယာချန်ပီယံ ရှစ်ကြက်တောင်ပြိုင်ပွဲ ၂၀၂၄ သို့ အုပ်ချုပ်သူ ဦးအောင်ခိုင်ထွေး ခေါင်းဆောင်ပြီး နည်းပြ ဒေါ်တွယ်တာဦးနှင့် အသက် ၁၇ နှစ်အောက် ကစားသမားများဖြစ်ကြသည့် ဟိန်းသီဟ အောင်၊ ဉာဏ်ရှိန်လင်း၊ လင်းလင်းထက်၊ ရှိန်လမိန်း၊ အသက် ၁၅ နှစ်အောက်ကစား သမားများဖြစ်ကြသည့် မြင့်မြတ်လင်း၊ အုပ်စိုးခန့်၊ သဒ္ဒါထက်ကျော်၊ ယွန်းသက်ထား မောင်တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ် ကြောင်း မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ သိရသည်။

**ဝန်းရံခ**

---

နေပြည်တော် မေ ၂၇

# (၁၈)ကြိမ်မြောက် အာဆီယံလူမှုသစ်တောဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



အာဆီယံလူမှုသစ်တောဆိုင်ရာလုပ်ငန်း အဖွဲ့(ASEAN Working Group on Social Forestry-AWGSF)၏ (၁၈) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်း ခန်းမ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် Video Conferencing စနစ်ဖြင့် ကျင်းပ သည်။

အစည်းအဝေးသို့ အာဆီယံအတွင်းရေး မှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ AWGSF လုပ်ငန်း အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း)၊ ညွှန်ကြားရေးမှူးများ၊ AWGSF အဖွဲ့ဝင်များနှင့် မိတ်ဖက်အဖွဲ့ အစည်းများမှကိုယ်စားလှယ်များ တက် ရောက်ကြသည်။

အစည်းအဝေးတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူမှုသစ်တောကဏ္ဍ တွင် အာဆီယံအသင်း၏ ပူးပေါင်းဆောင် ရွက်မှု အခြေခံရည်ရွယ်ချက်မှာ အာဆီယံ ဒေသအတွင်း သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု နိုင်ငံတကာနှင့်ရင်ပေါင်တန်း နိုင်ရေးနှင့်ဒေသတွင်းရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုကို မြှင့်တင်ရေး အတွက် ပူးပေါင်းဆောင်ရွက်မှုကိုအထောက် အကူပြုရန်ဖြစ်ပါကြောင်း၊ ယခုအစည်း အဝေးတွင် အဓိကရလဒ်အနေဖြင့် အာဆီယံ ဒေသအတွင်း သစ်တောဖုံးလွှမ်းသည့် မြေယာရှုခင်းများ၌ ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်မှုစနစ်များတွင် လွတ်လပ်သည့် ကြိုတင်အသိပေးတိုင်ပင်မှုနှင့်လူထုသဘော ထားရယူခြင်း (Free, prior and informed consent-FPIC)ကို ကျင့်သုံးရေးအတွက် ရေးဆွဲထားသည့် လက်စွဲစာအုပ်အပေါ် အပြီးသတ်ဆွေးနွေးခြင်း၊ လူမှုသစ်တော ကဏ္ဍတွင် အာဆီယံပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင် ရွက်မှုများနှင့် အဖွဲ့ဝင်နိုင်ငံအသီးသီးက မိမိတို့နိုင်ငံအလိုက် လူမှုသစ်တောဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ မူဝါဒနှင့်ဥပဒေများ၊ အလေ့အထကောင်း များနှင့် တွေ့ကြုံရသည့်စိန်ခေါ်မှုများကို တင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် သစ်တော ကဏ္ဍဆိုင်ရာကိစ္စရပ်များတွင် အဖွဲ့ဝင်နိုင်ငံ များက လွတ်လပ်စွာတက်တက်ကြွကြွပါဝင် ဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့် စီမံကိန်း)က သဘာပတိအဖြစ်ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# An Open Letter to Countries backing NUG and PDF Groups' Acts of Terrorism

As I have seen the news about brutal and inhumane terrorist murders of NUG and PDF groups which are circulating on social media platforms these days, I wrote this open letter as a responsible citizen to inform those who are backing terrorists.

Since 8 May 2024, a video file of terrorists killing each other circulating on social media platforms is a heart-wrenching sight for anyone who sees it. This video recording is a true story happened in Gangaw Township, Magway Region. At the scene, four people tied their hands back were interrogated and mercilessly killed. The murders were the terrorist leader Sanay and his followers, who detained, interrogated and killed some own members who were killed in the pretext of running away after they had stolen valuable belongings gained in robber from the civilians. In the video, everyone can see that the victims were cut ears as well as body parts and beheaded.

The act of violence seen in the video is unacceptable for any reason, and it is believed that the people doing those killings are inhumane and on drugs. As everyone who had watched these scenes would be heartbroken, I think nobody should not abet to such kind of cruel and brutal terrorists.

Another phenomenon is the mass killing of innocent people by terrorists. On 9 May 2024, PDF terrorists willfully launched shell attacks as well as fired small arms at Hsonywa village in Myingyan Township, Mandalay Region under the pretext of opposition to them and different mind-set with them. Terrorists' shells landed on the residential houses in the village where only innocent civilians live, killing a total of 32 locals: 17 men and 15 other women, and injured a total of 14 residents: five men and nine other women. Moreover, 50 houses were destroyed by fire. It is learnt that such terrorist attacks aimed at unarmed civilians and children were among the deaths.

As per the manipulation of the NUG group, the PDF groups have evidently been committing violent war crimes such as merciless killings of people, willful attack over non-military targets (i.e. civilian targets) and destructive attacks against health as well as education sectors. Their crimes are frequently seen and heard with evidence in their statements and on social media reports.

**If we view the current conflicts in Myanmar rationally, people can clearly witness that NUG and PDFs practise violent killings of people and extremism under the pretext of political gain. Some countries are informally making engagement with NUG. Actually, they just want to pressurize Myanmar to topple the SAC government in Myanmar and trying to support in various forms to NUG and PDFs. Thus, they have ignored terrorists' attacks on non-military targets (i.e. civilian targets) and violent killings of civilians. Such kind of actions should not be done. Due to those countries' irresponsible behaviour and support for acts of terrorism, a series of mass murder occur again and again in Myanmar. Those countries' actions, such as supporting financial assistance to, granting asylum to and making unofficial engagement with NUG and PDFs, amounts to the recognition and support for terrorist acts of the NUG and PDFs.**

As PDF group is a disorganized armed group which has been formed in a state of chaos, PDF members are later committing mutual murder crimes of own members on various reasons in addition to killings targeted at unarmed people.

**It is impossible that the countries engaging the NUG and PDFs, including the United States, do not know about the murder crimes of the NUG and PDFs. Video recordings of PDF members' violent killing are widely spreading on social media platforms, and thus, countries will have received reports from relevant embassies and offices of military attaches.**

Organizations working to fight against terrorism also sent news to the international community, highlighting the




**Video recording about mutual merciless killings among PDF members in Gangaw Township, Magway Region**




**Photo record describing PDFs' killing of innocent civilians in Hsonywa village, Myingyan Township**

● **If we view the current conflicts in Myanmar rationally, people can clearly witness that NUG and PDFs practise violent killings of people and extremism under the pretext of political gain. Some countries are informally making engagement with NUG. Actually, they just want to pressurize Myanmar to topple the SAC government in Myanmar and trying to support in various forms to NUG and PDFs. Thus, they have ignored terrorists' attacks on non-military targets (i.e. civilian targets) and violent killings of civilians. Such kind of actions should not be done. Due to those countries' irresponsible behaviour and support for acts of terrorism, a series of mass murder occur again and again in Myanmar. Those countries' actions, such as supporting financial assistance to, granting asylum to and making unofficial engagement with NUG and PDFs, amounts to the recognition and support for terrorist acts of the NUG and PDFs.**

See Page - 19

From Page - 18

terrorist acts of NUG and PDF groups. It is amazing that the United States is so recklessly supporting those terrorist organizations.

It is found that the U.S. government has announced it will provide non-lethal aid and humanitarian aid to NUG, PDF groups and armed insurgent groups in Myanmar from the aid fund in the fiscal year of 2024. Despite the title of nonlethal aid, we all know that in reality, the US aid became transformed into subsidization of acts of terrorism and weapon procurement. In addition, the neglect of the United States and its partner countries on the terrorists acts committed by NUG and PDF groups and support to them give moral strength to the NUG and PDF groups. Thus, they continue to carry out such brutal acts boundlessly.

**● It is impossible that the countries engaging the NUG and PDFs, including the United States, do not know about the murder crimes of the NUG and PDFs. Video recordings of PDF members' violent killing are widely spreading on social media platforms, and thus, countries will have received reports from relevant embassies and offices of military attaches.**

**● I'd like to ask you not to support NUG and PDF terrorists in order to prevent the spread of the new form of terrorism in regional countries. The new form of terrorism has been created by NUG and PDF groups who are making attempts to achieve their political goals through armed violence.**

**● I, as a peaceable person, wrote this open letter to call on international community to stop support on NUG and PDFs, who are committing violent crimes including inhumane murders, so that afore-mentioned terrorist acts of NUG and PDFs will not happen again in Myanmar.**

Therefore, I'd like to convey the message through the letter that the United States needs to thoroughly observe and verify the actual situation in Myanmar instead of being led astray by the misinformation circulated by lobby news agencies who are opposing the SAC government. This letter aims to point out a noteworthy fact that the precious funds of the American people should not be used for those who create terrorism and commit acts of violence. Likewise, this letter lets the countries, which have made informal engagements with NUG, know that their actions amount to incitement to PDF terrorists.

**I'd like to ask you not to support NUG and PDF terrorists in order to prevent the spread of the new form of terrorism in regional countries. The new form of terrorism has been created by NUG and PDF groups who are making attempts to achieve their political goals through armed violence.**

Now, supporters at home and abroad no longer believe in NUG leaders and lobbyists because people have seen and heard about their financial scandals regarding the funds that have fraudulently been raised from the people. Again, top leaders of NUG and lobbyists are living a life of luxury by buying houses as well as cars and having parties after they have brought their families to abroad. Moreover, mutual accusations against each other are happening among them and they are becoming disunited gradually. Most of the people at home have figured out that NUG and PDFs are trying to achieve political goals through wrong armed approach. Thus, a decline in support on NUG and PDFs can be seen at home. Especially, people are disguested at and hatred for killings of innocent civilians who are not related to politics and military.

**I, as a peaceable person, wrote this open letter to call on international community to stop support on NUG and PDFs, who are committing violent crimes including inhumane murders, so that afore-mentioned terrorist acts of NUG and PDFs will not happen again in Myanmar.**

**An unnamed citizen**

AGRICULTURE

# Shwebo Township finishes cultivation of more than 6,000 acres of pre-monsoon green gram

Statistics of Shwebo Township Agriculture Department indicated that a total of 6,766 acres of pre-monsoon green gram has been cultivated as this year's summer crop in Shwebo Township of Sagaing Region.

In this regard, Shwebo Township has grown 6,766 acres of pre-monsoon green gram since February against the target of cultivation for 10,204 acres.

"We set a plan to grow more than 10,000 acres of pre-monsoon green gram in the township. So far, local farmers have completed cultivation of more than 6,000 acres with more efforts to meet the target cultivation. Staff members from Shwebo Township Agriculture Department help local farmers expand sown acreage of crops and use quality strains of crops for boosting per-acre yield," said U Hsan Oo, Head of Township Agriculture Department.

This year, Shwebo Township Agriculture Department focuses distribution of suitable quality strains of crops, good agricultural techniques, prevention of pests, systematic use of fertilizers and high per-acre yield for farmers.

In 2022-2023 summer, Shwebo Township grew 10,022 acres of pre-monsoon green gram against the target of 13,151 acres.

**SMK**

AGRICULTURE

# Kalay District harvests more than 2,000 acres of garlic

The statistics of Kalay District Agriculture Department stated that garlic is being harvested on 2,251 acres of croplands in Kalay District of Sagaing Region.

So far, Kalay Township harvested 1,749 acres of garlic and Mingin Township 502 acres, totalling 2,251 acres, yielding 1,971.41 viss per acre.

"Local people grow garlic just for consumption but not commercial scale. In fact, it is necessary to spend a large cost per acre in growing garlic," said U Aung, Head of District Agriculture Department.

In 2023-2024 FY, the district earmarked 2,530 acres of garlic but local farmers could grow 2,251 acres of garlic against the target cultivation from October to December 2023. In 2022-2023 FY, the district grew 2,530 acres of garlic as winter crop.

Relevant township agriculture department advise local farmers to systematically store garlic and grow it in GAP system, and create market links for fetching good prices for garlic. It needs to spend Ks-1.5 million per acre of growing garlic.

**SK**

AGRICULTURE

# Winter peanut harvest soars to 14,095 acres in Budalin Township

A total of 14,095 acres of winter peanuts planted in Budalin Township, Monywa District, Sagaing Region, have been harvested since February of this year, according to statistics from the Department of Agriculture for Budalin Township.

The harvest of winter peanuts planted in Budalin Township during the 2023-2024 winter crop planting season has been completed to date, with a yield of 65.03 baskets per acre.

"As an oilseed crop, it is in a successful position. We are implementing in order to expand the cultivation of winter peanuts. Peanut cultivation is mostly done in the winter rather than in the rainy season. One acre of peanuts is planted at a cost of more than Ks-200,000, including the cost of seeds, labor, fertilizer, and pesticides," said U Phyo Wai, head of Department of Agriculture for Budalin Township.

**SK**

INDIA

# 2 killed as cyclone Remal ravages parts of India's West Bengal

At least two people were killed and three others injured in India's eastern state of West Bengal in the aftermath of cyclone Remal, officials said Monday.

The cyclonic storm left a trail of widespread damage and destruction to infrastructure and property across the state after making landfall between the coasts of West Bengal and Bangladesh on Sunday night.

According to officials, a 51-year-old man was killed when a wall collapsed on him due to the incessant downpour on Sunday evening at the Bibir Bagan area of Entally area of Kolkata, the capital city of West Bengal.

Likewise, an elderly woman was killed after a tree collapsed on her hut in Mousuni Island near Namkhana adjacent to the Sunderbans delta on Monday morning.

Three persons were injured in the Manicktala area of the city due to the uprooting of trees after the cyclone struck.

Officials said the cyclone blew away the roofs of thatched huts and uprooted trees and electricity poles thus blocking roads in Kolkata and the coastal districts and resulting in power disruption in various parts of the state.

Flight services at the Kolkata airport that were suspended for 21 hours due to the cyclone resumed on Monday morning. Officials said it would take more time for the situation to become normal.

The local government has evacuated over 100,000 people from vulnerable areas ahead of the cyclone's landfall. Officials said they have begun relief operations by providing food, drinking water and medical assistance to the people affected.

**Xinhua**

RUSSIA


# Rostec delivers new components for Russia's first-ever communication satellite

The launch of the satellite into geostationary orbit is expected in 2026 with the help of Proton spacecraft.

Rostec and its enterprises have completed the development of actuators for the microwave switches of the Express-AMU4 satellite and have started their delivery.

These devices will enable the first-ever fully Russian-made satellite to transmit data and provide communications, as reported by the Rostec press service. Actuators are a functional element of automatic control systems. These products include electric motors, electric and hydraulic drives, relay devices, and manipulators.

On the Express-AMU4 satellite, they will enable microwave switches to shift between different radio signals – a feat necessary for data transmission, the creation of fixed and mobile communications, and digital television broadcasting.



Rostec delivers new components for Russia's first-ever communication satellite.

"We paid special attention to the fault tolerance and the telemetry system, when developing the new Electronic Component Base, since the actuators will be used in the spacecraft's payload. By mid-2025, we intend to transfer the entire planned volume of components to the customer," according to the press service, quoting Alexei Dymovskikh, the CEO of the design bureau.

The Express-AMU4 spacecraft will be the first completely domestic communications vehicle. The launch into geostationary orbit - about 36,000 kilometers above the Earth - is expected in 2026 on a Proton rocket from Kazakhstan's Baikonur Cosmodrome. **Sputnik**

ISRAEL

# IDF eliminated head of Hamas headquarters in West Bank - statement

The Israel Defence Forces (IDF) said on Monday that it had eliminated the head of Palestinian movement Hamas in the West Bank, Yassin Rabia, as well as another senior official, in an airstrike in the northwestern part of the city of Rafah in the Gaza Strip.

The statement noted that Rabia directed all Hamas activities in Judea and Samaria and "planned Hamas terror attacks" in the region.

"The IDF is aware of reports indicating that as a result of the strike and fire that was ignited several civilians in the area were harmed. The incident is under review," the statement added.

On October 7, 2023, Hamas launched a large-scale rocket attack against Israel and breached the border, attacking both civilian neighborhoods and military bases. Nearly 1,200 people in Israel were killed and some 240 others abducted during the attack. Israel launched retaliatory strikes, ordered a complete blockade of Gaza, and started a ground incursion into the Palestinian enclave with the declared goal of eliminating Hamas fighters and rescuing the hostages. Over 35,900 people have been killed so far by Israeli strikes in the Gaza Strip, according to local authorities. More than 100 hostages are still believed to be held by Hamas in Gaza.

**Sputnik**

PHILIPPINES

# Three people dead as typhoon hits Philippines

Three people, including a seven-month-old baby boy, were killed in typhoon Ewiniar that destroyed homes and caused flooding in the Philippines, a spokesperson for the Philippine National Police said Monday.

Police Colonel Jen Fajardo told reporters the victims were all from Quezon province, southeast of Manila.

A police report said an infant died of drowning after he was washed away by raging waters, while a male and a 14-year-old boy were pinned by fallen trees during sleeping at their respective homes.

The National Disaster Risk Reduction and Management Council (NDRRMC) has yet to report deaths from Ewiniar, the first typhoon to batter the Philippines this year. However, the agency reported that at least seven people were injured in the Bicol region, southeast of Manila, due to the typhoon.

The NDRRMC said Ewiniar affected nearly 20,000 people in four regions. More than 2,000 displaced people have been living in government-run evacuation centers, while the rest stay with their relatives.

Quezon is one of the provinces hit hard by Ewiniar.

The Philippine State Weather Bureau PAGASA said Ewiniar maintained its strength on Monday while moving northwestward over the Philippine Sea at 10 km per hour, with peak winds of 140 km per hour near the center and gusts of up to 170 km per hour.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammer in Use (Intermediate Level)

## Unit 3 Present continuous and present simple 1 (I am doing and I do)

**A** Compare:

present continuous **(I am doing)**

We use the continuous for things happening at or around the time of speaking.
The action is not complete.

**I am doing**

past — now — future

- The water **is boiling.** Be careful.
- Listen to those people. What language **are** they **speaking**?
- Let's go out. It **isn't raining** now.
- 'I'm busy.' 'What **are** you **doing**?'
- I**'m getting** hungry. Let's go and eat.
- Kate wants to work in Italy, so she**'s learning** Italian.
- The population of the world **is increasing** very fast.

We use the continuous for temporary situations (things that continue for a short time):

- I**'m living** with some friends until I find a place of my own.
- A: You**'re working** hard today.
  B: Yes, I have a lot to do.

See Unit 1 for more information.

present simple **(I do)**

We use the simple for things in general or things that happen repeatedly.

**I do**

past — now — future

- Water **boils** at 100 degrees Celsius.
- Excuse me, **do** you **speak** English?
- It **doesn't rain** very much in summer.
- What **do** you usually **do** at weekends?
- I always **get** hungry in the aft ernoon.
- Most people **learn** to swim when they are children.
- Every day the population of the world **increases** by about 200,000 people.

We use the simple for permanent situations (things that continue for a long time):

- My parents **live** in London. They have lived there all their lives.
- Joe isn't lazy. He **works** hard most of the time.

See Unit 2 for more information.

**B** **I always do** and **I'm always doing**

I **always do** something = I do it every time:

- I **always go** to work by car. (not I'm always going)

I**'m always doing** something = I do it too often or more oft en than normal.
For example:




I**'m always losing** them = I lose them too often, or more often than normal.

- Paul is never satisfied. He**'s always complaining.** (= he complains too much)
- You**'re always looking** at your phone. Don't you have anything else to do?

Present continuous and simple 2 - Units 4 Present tenses for the future - Unit 19

### Exercises

**3.1** Are the underlined verbs OK? Correct them where necessary.

1 Water boils at 100 degrees Celsius. ....OK....
2 How often are you going to the cinema? ....do you go....
3 Ben tries to find a job, but he hasn't had any luck yet. ..........
4 Martina is phoning her mother every day. ..........
5 The moon goes round the earth in about 27 days. ..........
6 Can you hear those people? What do they talk about? ..........
7 What do you do in your spare time? ..........
8 Sarah is a vegetarian. She doesn't eat meat. ..........
9 I must go now. It gets late. ..........
10 'Come on! It's time to leave.' 'OK, I come.' ..........
11 Paul is never late. He's always starting work on time. ..........
12 They don't get on well. They're always arguing. ..........

**3.2** **Put the verb into the correct form, present continuous or present simple.**

1 a I usually get (I / usually / get) hungry in the afternoon.
  b I'm getting (I / get) hungry. Let's go and eat something.
2 a '.......... (you / listen) to the radio?' 'No, you can turn it off.'
  b '.......... (you / listen) to the radio a lot?' 'No, not very often.'
3 a The River Nile .......... (flow) into the Mediterranean.
  b The river .......... (flow) very fast today – much faster than usual.
4 a I'm not very active. .......... (I / not / do) any sport.
  b What .......... (you / usually / do) at weekends?
5 a Rachel is in New York right now. .......... (She / stay) at the Park Hotel.
  b .......... (She / always / stay) there when she's in New York.

**Raymond Murphy**

# NUG၊ PDF အဖွဲ့များ၏အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံနေသောနိုင်ငံများသို့ အိတ်ဖွင့်ပေးစာ

**အမည်မဖော်လိုသူ ပြည်သူတစ်ဦး**

ယခုတလော လူမှုကွန်ရက်စာမျက်နှာတွေမှာ မြင်တွေ့ရတဲ့ NUG၊ PDF အဖွဲ့များရဲ့ ရက်စက်ကြမ်းတမ်းစွာလူမဆန်သည့် အကြမ်းဖက်လူသတ်ခဲ့တဲ့သတင်းများကိုမြင်တွေ့မိပြီး အကြမ်းဖက်အားပေးနေသူများသိစေရန် တာဝန်သိပြည်သူတစ်ဦးအနေနဲ့ ယခုအိတ်ဖွင့်ပေးစာကို ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် မေလ ၈ ရက်ကစပြီး လူမှုကွန်ရက်ပေါ်မှာပျံ့နှံ့နေတဲ့ PDF အချင်းချင်းသတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက်သတ်ဖြတ်မှု ဗီဒီယိုဖိုင်တစ်ခုဟာ မြင်တွေ့ရသူတိုင်း စိတ်နှလုံးထိခိုက်ဖွယ်မြင်ကွင်းဖြစ်ပါတယ်။ ဒီဗီဒီယိုဖိုင်ဟာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ထဲမှာဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်မှန်ဖြစ်စဉ်တစ်ခုဖြစ်ပြီး လူလေးဦးကို လက်နောက်ပြန်ကြိုးတုပ်စစ်ဆေးမေးမြန်းပြီး ရက်စက်စွာသတ်ဖြတ်ခဲ့တဲ့မှတ်တမ်းဖြစ်ပါတယ်။ သတ်ဖြတ်ကြသူတွေဟာ အကြမ်းဖက်ခေါင်းဆောင် စနေနဲ့အဖွဲ့သားများဖြစ်ကြပြီး ပြည်သူလူထုဆီကနေ ဓားပြတိုက်ပြီးရရှိလာတဲ့ ငွေကြေးတွေကို ၎င်းတို့အဖွဲ့ထဲက အဖွဲ့ဝင်တချို့က ခိုးယူထွက်ပြေးလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဖမ်းဆီးစစ်ဆေး သတ်ဖြတ်ခဲ့တာဖြစ်ပါတယ်။ ဗီဒီယိုဖိုင်မှာတော့ ရက်ရက်စက်စက်ခေါင်းဖြတ်၊ နားရွက်ဖြတ် ခန္ဓာကိုယ်အစိတ်အပိုင်းတွေကိုလည်း ခုတ်ထစ်သတ်ဖြတ်နေကြတာကို တွေ့ရပါတယ်။

ဗီဒီယိုဖိုင်ထဲက အကြမ်းဖက်လုပ်ရပ်ဟာ ဘယ်လိုအကြောင်းပြချက်နဲ့ဖြစ်ဖြစ် လက်ခံလို့မရဘဲ လူစိတ်ကင်းမဲ့ကာ သတ်ဖြတ်နေသူများဟာ မူးယစ်ဆေးဝါးသုံးစွဲထားတယ်လို့ ယူဆရပါတယ်။ မြင်တွေ့ရသူတိုင်း စိတ်နှလုံးမချမ်းမြေ့ရသလို ဒီလိုရက်ရက်စက်စက်ကြမ်းကြမ်းတမ်းတမ်း လုပ်နေသူများကိုလည်း အားမပေးသင့်ဘူးလို့ ထင်မြင်မိပါတယ်။

နောက်ထပ်ဖြစ်စဉ်တစ်ခုကတော့ အပြစ်မဲ့ပြည်သူတွေအပေါ် ကျူးလွန်တဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာကို ၂၀၂၄ ခုနှစ် မေလ ၉ ရက်က PDF အကြမ်းဖက်သမားတွေက လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ကြပါတယ်။ ဒီလိုပစ်ခတ်တိုက်ခိုက်ရတဲ့ အကြောင်းရင်းက သူတို့ရဲ့အကြမ်းဖက်လုပ်ရပ်ကို မထောက်ခံလို့၊ အမြင်မတူလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ဖြစ်ပါတယ်။ ဒီလိုအရပ်သားများသာရှိနေတဲ့ ရွာထဲကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ကြလို့ နေအိမ်တွေပေါ် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ကာ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦး ပုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပါတယ်။ ကျေးရွာအတွင်းက နေအိမ် ၅၀ လုံးခန့်လည်း မီးလောင်ပျက်စီးခဲ့ပါတယ်။ သေဆုံးသူများထဲမှာ ကလေးငယ်များပါဝင်နေပြီး လက်နက်မဲ့ပြည်သူများကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်းသိရှိရပါတယ်။

NUG အဖွဲ့ရဲ့ ကြိုးကိုင်စေခိုင်းမှုကြောင့် PDF အဖွဲ့များဟာ ဒီလိုလူသတ်အကြမ်းဖက်လုပ်ရပ်များသာမက စစ်ဘက်ပစ်မှတ်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်များကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေကို နှောင့်ယှက်တိုက်ခိုက်ခြင်းဆိုတဲ့ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းများကို ပြောင်ပြောင်တင်းတင်းလုပ်ဆောင်လျက်ရှိတာကို သူတို့ရဲ့ထုတ်ပြန်ချက်တွေနဲ့ လူမှုကွန်ရက်သတင်းတွေမှာ သက်သေအထောက်အထားများနဲ့တကွ မကြာခဏမြင်တွေ့ကြားသိနေရပါတယ်။

**မြန်မာနိုင်ငံမှာ လတ်တလောဖြစ်ပွားနေတဲ့ပဋိပက္ခတွေကို မှန်ကန်စွာရှုမြင်သုံးသပ်ကြည့်လိုက်ရင် နိုင်ငံရေးရယူလိုမှုကို အကြောင်းပြချက်ပေးပြီး လူသတ်အကြမ်းဖက်လုပ်ရပ်နဲ့ အစွန်းရောက်ဝါဒကို NUG၊ PDF တို့ ကျင့်သုံးနေတာကို ရှင်းလင်းပြတ်သားစွာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ NUG ကို အလွတ်သဘောထိတွေ့ဆက်ဆံနေတဲ့ နိုင်ငံများအနေနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရပြုတ်ကျရေး ဖိအားပေးလိုတာတစ်ခုတည်းနဲ့ NUG၊ PDF တွေရဲ့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကိုတိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူတွေကို အကြမ်းဖက်သတ်ဖြတ်ခြင်း စတဲ့ကိစ္စရပ်တွေကို လျစ်လျူရှုထားပြီး ပုံသဏ္ဌာန်မျိုးစုံနဲ့ ထောက်ပံ့ဖို့ကြိုးစားနေကြတာ မလုပ်သင့်တဲ့လုပ်ရပ်များဖြစ်ပါတယ်။ ဒီလိုတာဝန်မဲ့ပြီး အကြမ်းဖက်ဝါဒအားပေးရေးလုပ်ရပ်တွေကြောင့် မြန်မာနိုင်ငံမှာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွေ ထပ်မံဖြစ်ပွားနေခြင်းဖြစ်ပါတယ်။ ဒီလိုစစ်ရာဇဝတ်မှုကျူးလွန်နေတဲ့ NUG၊ PDF တွေကို ငွေကြေးထောက်ပံ့ခြင်း၊ နေထိုင်စရာခိုလှုံခွင့်ပေးခြင်းနှင့် အလွတ်သဘောထိတွေ့မှုပြုလုပ်ပေးနေခြင်းဟာ သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်များကို အသိအမှတ်ပြုပြီး အားပေးထောက်ခံတဲ့ သဘောသက်ရောက်နေပါတယ်။**

PDF တွေအနေနဲ့ စည်းစနစ်မရှိဘဲ ပရမ်းပတာဖွဲ့စည်းထားတဲ့ လက်နက်ကိုင်အဖွဲ့ဖြစ်တာကြောင့် လက်နက်မရှိတဲ့ ပြည်သူတွေကို ပစ်မှတ်ထားသတ်ဖြတ်နေတာတင်မကတော့ဘဲ အချိန်ကြာလာတဲ့အခါမှာ PDF အကြမ်းဖက်အဖွဲ့အချင်းချင်းလည်း ခေါင်းစဉ်မျိုးစုံနဲ့အပြန်အလှန်သတ်ဖြတ်မှုတွေ ကျူးလွန်နေကြခြင်းဖြစ်ပါတယ်။

**ဒီလိုသတ်ဖြတ်မှုတွေ ကျူးလွန်နေတာကို အမေရိကန်အပါအဝင် NUG နဲ့ PDF တွေကို ထိတွေ့ဆက်ဆံနေတဲ့ နိုင်ငံများ မသိဘူးဆိုတာမဖြစ်နိုင်ပါဘူး။ PDF များရဲ့ အကြမ်းဖက်မှုကျူးလွန်နေတဲ့ ဗီဒီယိုဖိုင်တွေဟာ ဆိုရှယ်မီဒီယာတွေပေါ်မှာ သိသိသာသာ ပျံ့နှံ့နေတာဖြစ်ပြီး နိုင်ငံတကာအနေနဲ့လည်း သက်ဆိုင်ရာသံရုံး၊ စစ်သံရုံးတွေရဲ့ သတင်းပို့တင်ပြချက်တွေရှိနေမှာ ဖြစ်ပါတယ်။**

အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆောင်ရွက်နေတဲ့အဖွဲ့အစည်းများကလည်း နိုင်ငံတကာကို သတင်းများပေးပို့ပြီး NUG၊ PDF အဖွဲ့များရဲ့ အကြမ်းဖက်လုပ်ရပ်များကို မီးမောင်းထိုးပြပေးနေပါတယ်။ ဒီလိုအကြမ်းဖက်အဖွဲ့အစည်းတွေကို အမေရိကန်နိုင်ငံအနေနဲ့ အဆင်အခြင်ကင်းမဲ့စွာ ထောက်ခံအားပေးနေတာဟာ အလွန်အံ့သြဖွယ်ကောင်းလှပါတယ်။ စာမျက်နှာ ၂၃ သို့ ♦




မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် PDF အချင်းချင်း ရက်ရက်စက်စက်သတ်ဖြတ်နေသည့် မှတ်တမ်းဗီဒီယို။




မြင်းခြံမြို့နယ် ဆုံရွာကျေးရွာတွင် အပြစ်မဲ့ပြည်သူများ PDF များ၏သတ်ဖြတ်ခြင်းခံရသည့်မှတ်တမ်း။

**မြန်မာနိုင်ငံမှာ လတ်တလောဖြစ်ပွားနေတဲ့ပဋိပက္ခတွေကို မှန်ကန်စွာရှုမြင်သုံးသပ်ကြည့်လိုက်ရင် နိုင်ငံရေးရယူလိုမှုကို အကြောင်းပြချက်ပေးပြီး လူသတ်အကြမ်းဖက်လုပ်ရပ်နဲ့ အစွန်းရောက်ဝါဒကို NUG၊ PDF တို့ ကျင့်သုံးနေတာကို ရှင်းလင်းပြတ်သားစွာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ NUG ကို အလွတ်သဘောထိတွေ့ဆက်ဆံနေတဲ့နိုင်ငံများ အနေနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရပြုတ်ကျရေး ဖိအားပေးလိုတာတစ်ခုတည်းနဲ့ NUG၊ PDF တွေရဲ့ စစ်ဘက်မဟုတ်တဲ့အရပ်ဘက်ပစ်မှတ်တွေကို တိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူတွေကိုအကြမ်းဖက်သတ်ဖြတ်ခြင်း စတဲ့ကိစ္စရပ်တွေကို လျစ်လျူရှုထားပြီးပုံသဏ္ဌာန်မျိုးစုံနဲ့ထောက်ပံ့ဖို့ကြိုးစားနေကြတာ မလုပ်သင့်တဲ့လုပ်ရပ်များ ဖြစ်ပါတယ်။ ဒီလိုတာဝန်မဲ့ပြီး အကြမ်းဖက်ဝါဒအားပေးရေးလုပ်ရပ်တွေကြောင့် မြန်မာနိုင်ငံမှာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွေ ထပ်မံဖြစ်ပွားနေခြင်းဖြစ်ပါတယ်။ ဒီလိုစစ်ရာဇဝတ်မှုကျူးလွန်နေတဲ့ NUG၊ PDF တွေကို ငွေကြေးထောက်ပံ့ခြင်း၊ နေထိုင်စရာခိုလှုံခွင့်ပေးခြင်းနှင့် အလွတ်သဘောထိတွေ့မှုပြုလုပ်ပေးနေခြင်းဟာ သူတို့ရဲ့အကြမ်းဖက်လုပ်ရပ်များကို အသိအမှတ်ပြုပြီးအားပေးထောက်ခံတဲ့သဘောသက်ရောက်နေပါတယ်။**

♦ စာမျက်နှာ ၂၂ မှအဆက်

အမေရိကန်အစိုးရအဖွဲ့ဟာ ၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အကူအညီပေးရေး ရန်ပုံငွေထဲကနေ မြန်မာနိုင်ငံက အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေနဲ့ NUG၊ PDF အဖွဲ့များအတွက် စစ်လက်နက်မဟုတ်တဲ့ ကူညီထောက်ပံ့မှု (Nonlethal Aid) နဲ့ လူသားချင်းစာနာထောက်ထားမှုအကူအညီ (Humanitarian Aid) ပေးအပ်သွားမယ်လို့ ကြေညာထားတာတွေ့ရပါတယ်။ မည်သို့ပင် Nonlethal Aid လို့ ခေါင်းစဉ်တပ်နေပေမယ့်လက်တွေ့မှာ အမေရိကန်ထောက်ပံ့ငွေများဟာ အကြမ်းဖက်မှုတွေလုပ်ဖို့နဲ့ လက်နက်ဝယ်ဖို့ ထောက်ပံ့ကြေးဖြစ်သွားတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံနဲ့ အပေါင်းအပါနိုင်ငံများက NUG၊ PDF အဖွဲ့များရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လျစ်လျူရှုပြီး သူတို့ကိုအားပေးထောက်ခံမှုပြုတယ်ဆိုတဲ့အချက်ဟာလည်း NUG၊ PDF အဖွဲ့များအတွက် စိတ်ဓာတ်ခွန်အားများရရှိစေကာ ယခုလို ရက်စက်ကြမ်းတမ်းတဲ့လုပ်ရပ်များကို အတိုင်းအဆမရှိ အထိန်းအကွပ်မဲ့ ဆက်လက်လုပ်ဆောင်နေကြခြင်းဖြစ်ပါတယ်။

**ဒီလိုသတ်ဖြတ်မှုတွေကျူးလွန်နေတာကို အမေရိကန်အပါအဝင် NUG နဲ့ PDF တွေကို ထိတွေ့ဆက်ဆံနေတဲ့နိုင်ငံများ မသိဘူးဆိုတာမဖြစ်နိုင်ပါဘူး။ PDF များရဲ့ အကြမ်းဖက်မှုကျူးလွန်နေတဲ့ဗီဒီယိုဖိုင်တွေဟာ ဆိုရှယ်မီဒီယာတွေပေါ်မှာ သိသိသာသာ ပျံ့နှံ့နေတာဖြစ်ပြီး နိုင်ငံတကာအနေနဲ့လည်း သက်ဆိုင်ရာသံရုံး၊ စစ်သံရုံးတွေရဲ့သတင်းပို့ တင်ပြချက်တွေရှိနေမှာဖြစ်ပါတယ်။**

ဒါကြောင့် အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ မြေပြင်အခြေအနေမှန်တွေကို သေချာစွာလေ့လာစိစစ်ဖို့လိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဆန့်ကျင်ရေး လော်ဘီသတင်းဌာနတွေရဲ့ ဖော်ပြချက်သတင်းများတွေမှာပဲ လမ်းဆုံးမနေကြဖို့ ဒီစာကနေတစ်ဆင့် အသိပေးလိုပါတယ်။ ဒါကလည်း အမေရိကန်ပြည်သူတွေရဲ့ အဖိုးတန်တဲ့ ဘဏ္ဍာငွေတွေကို အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေ ဖန်တီးတဲ့နေရာမှာ အသုံးမပြုမိစေဖို့ စေတနာရှေ့ထားပြီး ထောက်ပြရေးသားလိုက်ရခြင်းဖြစ်ပါတယ်။ အလားတူပဲ NUG ကို အလွတ်သဘောထိတွေ့ဆက်ဆံနေတဲ့ နိုင်ငံများအနေနဲ့လည်း မိတ်ဆွေတို့ရဲ့လုပ်ရပ်များဟာ PDF အကြမ်းဖက်သမားများကို အားပေးအားမြှောက်ပြုရာ ရောက်တယ်ဆိုတာကို သိစေအပ်ပါတယ်။

**NUG၊ PDF တွေရဲ့အကြမ်းဖက်လုပ်ရပ်များ အထူးသဖြင့် လူမဆန်စွာသတ်ဖြတ်နေတဲ့ဖြစ်စဉ်တွေ မြန်မာနိုင်ငံအတွင်း ထပ်မံမဖြစ်ပွားစေရေးအတွက် ဒီလိုအဖွဲ့အစည်းတွေကို နိုင်ငံတကာအနေနဲ့ ထောက်ခံအားပေးနေခြင်း မလုပ်သင့်ပါကြောင်း တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူတစ်ဦးအနေနဲ့ အိတ်ဖွင့်ပေးစာရေးသားပြီး တောင်းဆိုလိုက်ပါတယ်။**

**NUG၊ PDF အဖွဲ့တွေရဲ့ နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ကြိုးစားနေတဲ့ အကြမ်းဖက်ဝါဒပုံစံအသစ်ကို ဒေသတွင်းနိုင်ငံများသို့ မပျံ့နှံ့စေရေးအတွက် NUG၊ PDF အကြမ်းဖက်သမားများကို အားပေးထောက်ခံမှုများ မပြုလုပ်ကြရန် တောင်းဆိုချင်ပါတယ်။**

**NUG၊ PDF အဖွဲ့တွေရဲ့ နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ကြိုးစားနေတဲ့ အကြမ်းဖက်ဝါဒပုံစံအသစ်ကို ဒေသတွင်းနိုင်ငံများသို့ မပျံ့နှံ့စေရေးအတွက် NUG၊ PDF အကြမ်းဖက်သမားများကို အားပေးထောက်ခံမှုများမပြုလုပ်ကြရန် တောင်းဆိုချင်ပါတယ်။**

ယခုအခါမှာ NUG ခေါင်းဆောင်ပိုင်းအချင်းချင်းနဲ့ လော်ဘီများအချင်းချင်းလည်း ပြည်သူတွေဆီကနေ လိမ်လည်ကောက်ခံထားတဲ့ ငွေကြေးအရှုပ်တော်ပုံတွေ၊ နိုင်ငံရပ်ခြားမှာ မိသားစုလိုက်ခေါ်ပြီး တိုက်တွေ၊ ကားတွေဝယ်ပြီး သောက်စားဇိမ်ခံနေကြတဲ့ မြင်ကွင်းတွေနဲ့ပတ်သက်ပြီး ပြည်တွင်း/ပြည်ပက သူတို့ကိုထောက်ခံနေတဲ့သူတွေ ကိုယ်တိုင်အယုံအကြည်မရှိကြတော့တဲ့ အခြေအနေများ ဖြစ်ပေါ်နေပါတယ်။ ၎င်းတို့အချင်းချင်းလည်း အပြန်အလှန်စွပ်စွဲမှုတွေနဲ့ တစ်စထက်တစ်စပြိုကွဲနေပြီဖြစ်သလို ပြည်တွင်းက ပြည်သူအများစုကလည်း NUG၊ PDF တွေရဲ့ လွဲမှားတဲ့ လက်နက်ကိုင်လမ်းစဉ်နဲ့ နိုင်ငံရေးရည်မှန်းချက်ကို ရယူဖို့ကြိုးစားနေမှုများကို သိရှိနားလည်ပြီး ထောက်ခံအားပေးမှုတွေ လျော့ကျနေပြီဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေး၊ စစ်ရေးနဲ့မသက်ဆိုင်တဲ့ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေခြင်းများကို ရွံ့ရှာမုန်းတီးနေကြပြီဖြစ်ပါတယ်။

ယခုဖော်ပြခဲ့တဲ့ **NUG၊ PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်များ အထူးသဖြင့် လူမဆန်စွာ သတ်ဖြတ်နေတဲ့ဖြစ်စဉ်တွေ မြန်မာနိုင်ငံအတွင်း ထပ်မံမဖြစ်ပွားစေရေး အတွက် ဒီလိုအဖွဲ့အစည်းတွေကို နိုင်ငံတကာအနေနဲ့ ထောက်ခံအားပေးနေခြင်း မလုပ်သင့်ပါကြောင်း တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူတစ်ဦးအနေနဲ့ အိတ်ဖွင့်ပေးစာရေးသားပြီး တောင်းဆိုလိုက်ပါတယ်။** ။

# ၂၀၂၄ ခုနှစ် ဇွန်လ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၂၉ ရက်မှ ဇွန်လ ၃ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် အားအတင့်အသင့်မှ အားကောင်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၈ ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၁ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၈ ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁၂ ပေမှ ၁၄ ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၈ ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၄ ပေမှ ၁၈ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၅ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၄ ပေမှ ၇ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၃ ပေမှ ၈ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၅ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခန့်၊ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၉ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၇ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။ **(မိုး/ဇလ)**

နေပြည်တော် မေ ၂၇

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၄ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၉-၅-၂၀၂၄ ရက် ည ၈ နာရီမှ ၂၆-၅-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၅၉၀ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၄ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၂၉ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**


နေပြည်တော် မေ ၂၇

## နေရာကွက်၍မိုးကြီးနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်ပါသည်။ **(မိုး/ဇလ)**

ဆိုး၊ နိုင်ငံရေး

# မြောက်ကိုရီးယားက ဇွန်လ ၄ ရက်မတိုင်မီ ဂြိုဟ်တုလွှတ်တင်မည်ဟု ဂျပန်ကိုအသိပေးထား



မြောက်ကိုရီးယားနိုင်ငံက မေလ ၂၇ ရက်ညပိုင်းမှ ဇွန်လ ၄ ရက်မတိုင်မီစပ်ကြားကာလတွင် ဂြိုဟ်တုတစ်စင်းကိုလွှတ်တင်မည်ဟု ဂျပန်အစိုးရကို အသိပေးထားကြောင်းသိရသည်။

တောင်ကိုရီးယားသမ္မတ၊ တရုတ်ဝန်ကြီးချုပ်နှင့် ဂျပန်ဝန်ကြီးချုပ်တို့က သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို မေလ ၂၇ ရက်တွင် ပြုလုပ်နေစဉ် မြောက်ကိုရီးယားက ယခုကဲ့သို့ အသိပေးလိုက်ခြင်းဖြစ်သည်ဟု ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ကပြောသည်။

အဆိုပါဂြိုဟ်တုကို အာကာသသုံးဒုံးပျံအသုံးပြု၍ လွှတ်တင်သွားမည်ဖြစ်သောကြောင့် ဒုံးပျံမှထွက်ရှိလာမည့်အပျက်အစီးအစိတ်အပိုင်းများက နေရာသုံးခုတွင် ကျရောက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယား၏အသိပေးချက်တွင် ဖော်ပြထားသည်။

အပျက်အစီးအစိတ်အပိုင်းများကျရောက်မည့်နေရာသုံးခုမှာ ကိုရီးယားကျွန်းဆွယ်အနောက်ပိုင်းတွင် နှစ်နေရာနှင့် ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းအရှေ့ဘက်ပိုင်းတွင် တစ်နေရာတို့ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ပထမဆုံးသော ဂြိုဟ်တုကိုလွှတ်တင်ပြီးနောက် ယခုနှစ်အတွင်း နောက်ထပ်ဂြိုဟ်တုသုံးစင်းကို လွှတ်တင်သွားမည်ဟု ကြေညာထားသည်။

မြောက်ကိုရီးယားနိုင်ငံက မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို အမြင့်ပျံဒုံးကျည်နည်းပညာကိုအသုံးပြုပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်များကို ချိုးဖောက်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

မြောက်ကိုရီးယားနိုင်ငံသည် ရေငုပ်သင်္ဘောမှပစ်လွှတ်နိုင်သည့် အမြင့်ပျံဒုံးကျည်နှင့်စစ်နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များအပါအဝင် အဆင့်မြင့်စစ်လက်နက်ပစ္စည်းများကို တီထွင်ထုတ်လုပ်မှုများလုပ်ဆောင်နေစဉ် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေးစွမ်းရည်များတိုးမြှင့်စေရန်ဦးစားပေးလုပ်ဆောင်လာလျက်ရှိကြောင်းသိရသည်။

*Ref: Yonhap*

ဘာလင်၊ နိုင်ငံရေး

# ယူကရိန်းအနေဖြင့် နောက်အနှစ် ၃၀ ထိတိုင် NATO အဖွဲ့ဝင်မဖြစ်လာနိုင်ဟု ဂျာမနီပြော



ယူကရိန်းနိုင်ငံအနေဖြင့် နောက်ထပ်အနှစ် ၃၀ ကြာသည့်တိုင် NATO အဖွဲ့ဝင်မဖြစ်လာနိုင်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိုလက်ရှော့ကပြောသည်။

"ယူကရိန်းနိုင်ငံကို NATO တပ်ဖွဲ့ဝင်ဖြစ်လာစေမယ့်ဆုံးဖြတ်ချက်တွေက မကြာမီကာလအတွင်း ထွက်ပေါ်လာဖွယ်မရှိပါဘူး။ နောက်အနှစ် ၃၀ အထိလည်း မထွက်လာနိုင်ပါဘူး" ဟု အိုလက်ရှော့က ဂျာမန်ပြည်သူများကိုပြောသည်။

ယူကရိန်းနိုင်ငံသည် ၂၀၂၂ ခုနှစ်ကတည်းက NATO အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး လျှောက်ထားပြီးနောက် အားတက်သရောကြိုးပမ်းလာခြင်းဖြစ်သည်။

ယူကရိန်းအနေဖြင့် NATO တပ်ဖွဲ့ဝင်ဖြစ်လာစေရေးကိစ္စက ပြေလည်သွားပြီဖြစ်ကြောင်း၊ သို့သော် ဆွေးနွေးမှုများလုပ်ရမည့်အချိန် အတိုင်းအတာနှင့်ပတ်သက်၍မူ ဆွေးနွေးနေဆဲဖြစ်ကြောင်း NATO စစ်ဘက်ရေးရာကော်မတီဥက္ကဋ္ဌ ရော့ဘားက မတ်လတွင်ပြောသည်။

NATO တပ်ဖွဲ့အနေဖြင့် ယူကရိန်းနိုင်ငံကို ၎င်းတို့၏အဖွဲ့အတွင်းထည့်သွင်းကာ နယ်မြေချဲ့ထွင်လာမှုသည် ရုရှားနိုင်ငံ၏အမျိုးသားလုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်နေကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က သတိပေးထားသည်။ *Ref: Sputnik*

သတင်းတိုကဏ္ဍ

## ရီမယ်မုန်တိုင်းကြောင့် ဘင်္ဂလားဒေ့ရှ်၌ လူခုနစ်ဦးသေဆုံး

ရီမယ်ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူခုနစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက မေလ ၂၇ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မေလ ၂၆ ရက်ညပိုင်းတွင် ဝင်ရောက်ခြင်းဖြစ်ပြီး မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်သည်။

သေဆုံးသူများသည် နိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းကမ်းရိုးတန်းဒေသများမှဖြစ်ပြီး ထိုသို့သေဆုံးသူများအပြင် လူနှစ်ဦးမှာလည်း ပျောက်ဆုံးနေသည်။

ထို့ပြင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ကမ်းရိုးတန်းဒေသများမှ လယ်ယာမြေများပျက်စီးပြီး ခရိုင် ၁၀ ခုမှ အနည်းဆုံးလူရှစ်သိန်းမှာ ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်နေရကာ ဒေသခံပြည်သူ ၁၅ သန်းခန့်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်သည့်အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

*Ref: Xinhua*

## အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ အပူချိန်အလွန်အမင်းမြင့်တက်မှုဖြစ်ပွား

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ အပူချိန်အလွန်အမင်းမြင့်တက်မှုဖြစ်ပွားရာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှာပင် အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်နီးပါးအထိရှိလာသည်။

ထို့ကြောင့် နယူးဒေလီမြို့အနီး ဂုရုဂရမ်မြို့ရှိစာသင်ကျောင်းများကို နောက်ထပ်ငါးရက်ကြာပိတ်ထားရမည်ဟု တာဝန်ရှိသူများကညွှန်ကြားထားသည်။

ထို့ပြင် ကလေးငယ်များအပူချိန်လွန်ကဲမှုကိုမခံစားရစေရေးအတွက် အဌမတန်းကျောင်းသားများအထိကို စာသင်ကျောင်းများပိတ်ပေးရန်လည်း တာဝန်ရှိသူများကပြောထားသည်။

ယခုကဲ့သို့အပူချိန်မြင့်တက်မှုသည် နိုင်ငံမြောက်ပိုင်းနှင့်အနောက်ပိုင်းရှိ ပြည်နယ်အများအပြားတွင် နောက်ထပ်ရက်အနည်းငယ်ကြာသည်အထိ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

*Ref: Xinhua*

## ပါပူအာနယူးဂီနီမြေပြိုမှု၌ သေဆုံးသူအယောက် ၂၀၀၀ ကျော်ရှိလာ

ပါပူအာနယူးဂီနီနိုင်ငံ၌ မေလ ၂၄ ရက် ရက်တွင်ဖြစ်ပွားသောမြေပြိုမှုများအတွင်း သေဆုံးသူအယောက် ၂၀၀၀ ကျော်အထိရှိလာပြီဖြစ်ကြောင်း အစိုးရက မေလ ၂၇ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါမြေပြိုမှုများအတွင်း သေဆုံးသူခြောက်ဦး၏ရုပ်အလောင်းများကိုသာရရှိထားပြီး ယခုတာဝန်ရှိသူများ၏ ထုတ်ပြန်ချက်သည် ကုလသမဂ္ဂ၏ခန့်မှန်းချက်ထက် သုံးဆကျော်ပိုများနေသည်။

မြေပြိုမှုသည် ညအချိန်တွင်ဖြစ်ပွားခြင်းဖြစ်သောကြောင့် နေအိမ်အများအပြားမြေကြီးအောက်ရောက်သွားချိန် အိပ်ပျော်နေသူအများအပြားမှာ ဘေးလွတ်ရာသို့ မထွက်ပြေးနိုင်ဖြစ်ရခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံကမူ ပါပူအာနယူးဂီနီနိုင်ငံသို့ ထောက်ပံ့ရေးပစ္စည်းများပေးပို့နိုင်ရေးအတွက် ပြင်ဆင်မှုများလုပ်ဆောင်နေကြောင်း သိရသည်။

*Ref: CBS*

ဝယ်လင်တန်၊ စစ်ရေး


# နယူးဇီလန်က အမေရိကန်စစ်ဘက်ဂြိုဟ်တုကိုအသုံးပြုနိုင်ရန် ဒေါ်လာသန်း ၁၀၀ ကျော်အသုံးပြုနေရ

နယူးဇီလန်နိုင်ငံအနေဖြင့် အမေရိကန်၏ စစ်ဘက်ဂြိုဟ်တုကွန်ရက်ကို အသုံးပြုနိုင်ရန် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်အသုံးပြုနေရကြောင်း သိရသည်။

၂၀၁၂ ခုနှစ်မှစ၍ အမေရိကန်စစ်ဘက်ဂြိုဟ်တုကွန်ရက်တည်ဆောက်မှုနှင့် အသုံးပြုမှုအတွက် ဒေါ်လာ ၁၁၃ သန်းအသုံးပြုထားရပြီး ဂြိုဟ်တုအသုံးပြုမှုအတွက် နှစ်စဉ်ကြေးမှာ ဒေါ်လာ ၁ သန်းရှိကြောင်း ဒေသတွင်းသတင်းဌာနက ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံသည် ဘိုးအင်းကုမ္ပဏီကတည်ဆောက်ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနကထိန်းချုပ်ထားသည့် ဂြိုဟ်တု ၁၀ လုံး၏ကွန်ရက်ကိုအသုံးပြုခွင့်ရရှိရေးအတွက် ဒေါ်လာ ၈၃ သန်းအသုံးပြုထားရကာ နှစ်စဉ်ကြေးအဖြစ် တစ်နှစ်လျှင်ဒေါ်လာတစ်သန်းကို ၂၀၁၂ ခုနှစ်ကတည်းကပေးထားရခြင်းဖြစ်သည်။

ထို့ပြင် ဂြိုဟ်တုကွန်ရက်ကိုချဲ့ထွင်ရေးအတွက် နောက်ထပ်ဂြိုဟ်တုနှစ်စင်းကို လွှတ်တင်ရန် ဒေါ်လာ ၁၅ သန်းခွဲဝေသတ်မှတ်ပေးထားကြောင်း နယူးဇီလန်အစိုးရကထုတ်ပြန်ထားသည်။



လက်ရှိတွင် နယူးဇီလန်တပ်မတော်က ၎င်းတို့၏အာကာသစွမ်းဆောင်ရည်အသုံးပြုမှုကို တိုးမြှင့်ရန်ရည်မှန်းထားပြီး မြေပြင်အခြေစိုက်အာကာသထိန်းချုပ်စခန်းများကိုလည်း တိုးမြှင့်တည်ဆောက်သွားရန်စီစဉ်ထားကြောင်း သတင်းဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

ယခုနောက်ဆုံးအခြေအနေနှင့်အညီပြုစုထားသည့် ကာကွယ်ရေးစွမ်းရည်စီမံချက်တွင် ၂၀၄၀ ပြည့်နှစ်အထိ အာကာသနှင့်ဆက်စပ်ကိစ္စများတွင်ရင်းနှီးမြှုပ်နှံမည့်အစီအစဉ်လည်း ပါဝင်ကြောင်းသိရသည်။ *Ref: Sputnik*

# အမေရိကန်က တရုတ်ကို စစ်မြှူလေပြီလား

**ထက်မြတ်**



ယနေ့ကမ္ဘာကြီးက ဘယ်ဆီကိုဦးတည်သွားနေပြီလဲလို့မေးလာရင် ပဋိပက္ခများနဲ့ အကျပ်အတည်းများဆီကို ဦးတည်သွားနေပြီလို့ ပြောရလိမ့်မယ်။ ကမ္ဘာကြီးက အဲဒီကို သူ့အလိုလိုသွားနေတာတော့ မဟုတ်ဘူး။ ကမ္ဘာ့အင်အားကြီးနိုင်ငံများကသာ ဆွဲခေါ်သွားကြတာပါ။

အခုလက်ရှိမှာဆိုရင်လည်း အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုကသူနဲ့အလှမ်းဝေးကွာလွန်းလှတဲ့ အာရှဒေသကိုဗဟိုပြုပြီး ပဋိပက္ခတွေဖြစ်ပွားလာစေဖို့ ကြံဆောင်နေပြန်ပါပြီ။ အထူးသဖြင့် သူ့ရဲ့နိုင်ငံရေးကိုယ်ကျိုးစီးပွားအတွက် တခြားနိုင်ငံငယ်တွေ၊ ဒေသငယ်တွေကိုအသုံးချလာတာပါ။

ဒီနေရာမှာ အသုံးချခံဖြစ်နေတဲ့ဒေသတစ်ခုကတော့ထိုင်ဝမ်ကျွန်းပေါ့၊ ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်ပြည်မကြီးလက်အောက်ကနေလွတ်မြောက်ဖို့ကြိုးစားနေတဲ့ဒေသပါ။

အရင်ဆောင်းပါးတွေတုန်းကလည်း ကျွန်တော်ပြောခဲ့ဖူးပါတယ်။ ကုလသမဂ္ဂကိုယ်တိုင်ကိုက တရုတ်ပြည်မကြီးကိုရော၊ ထိုင်ဝမ်ကျွန်းကိုရောစုပေါင်းပြီး တရုတ်နိုင်ငံအနေနဲ့ သတ်မှတ်ထားတယ်ဆိုတာပါ။

အရင်တုန်းက တရုတ်ပြည်တွင်းစစ်မှာ ရှုံးသွားတဲ့ ကူမင်တန်တွေက ထိုင်ဝမ်ကျွန်းကိုထွက်ပြေးသွားတယ်။ သူတို့ရောက်တဲ့နေရာမှာ နိုင်ငံထူထောင်တယ်ဆိုပြီး ကုလသမဂ္ဂမှာစာတင်တယ်။

ကုလသမဂ္ဂကလည်း ထိုင်ဝမ်ကျွန်းကို တရုတ်နိုင်ငံဆိုပြီးသတ်မှတ်ပေးလိုက်တယ်။ သာမန်အားဖြင့်ဆိုရင်တော့ ဒီလိုမျိုးသတ်မှတ်ပေးလို့မရပါဘူး။ ဒါပေမဲ့အဲဒီအချိန်တုန်းက ထိုင်ဝမ်ကျွန်းကိုအသုံးချလိုတဲ့အမေရိကန်က သူတို့ကိုထောက်ပံ့ပေးထားခြင်းကြောင့်သာ ဒီလိုမျိုးသတ်မှတ်ခံလိုက်ရတာပါ။

နောက်ပိုင်းကျတော့ တရုတ်ပြည်မကြီးအစိုးရကသာ တရားဝင်အစိုးရဖြစ်ကြောင်းနဲ့ ထိုင်ဝမ်ကျွန်းသည်လည်း တရုတ်ပြည်မကြီးရဲ့အုပ်ချုပ်မှုအောက်မှာရှိကြောင်း ကုလသမဂ္ဂက ဆုံးဖြတ်ချက်နဲ့ကိုထုတ်ပြန်လိုက်ပါတယ်။

အဲဒီအချိန်ကနေစပြီး အခုအချိန်အထိ ကမ္ဘာ့နိုင်ငံများရဲ့ သတ်မှတ်ချက်က မပြောင်းလဲသေးပါဘူး။ အဲဒါကတော့ တရုတ်နိုင်ငံဆိုတာ တစ်နိုင်ငံတည်းသာရှိတယ်ဆိုတဲ့ အခြေခံသဘောတရားပါပဲ။

အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးလိုလိုက တရုတ်တစ်နိုင်ငံတည်းဆိုတဲ့မူဝါဒကိုလက်ကိုင်ထားပြီး တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးတွေထူထောင်ထားကြပါတယ်။

ဒါပေမဲ့ အမေရိကန်ဦးဆောင်တဲ့နိုင်ငံတချို့ကတော့ တစ်ဖက်မှာတရုတ်တစ်နိုင်ငံတည်းဆိုတာကို လက်ခံတယ်လို့ပြောပေမယ့် အခြားတစ်ဖက်မှာ ထိုင်ဝမ်ကျွန်းကို တရုတ်ပြည်မကြီးလက်အောက်ကနေ ခွဲထွက်နိုင်အောင် သွေးထိုးမြှောက်ပင့်မှုတွေသာမက လိုအပ်တဲ့ပံ့ပိုးမှုတွေကိုပါပေးနေပါတယ်။

အခုဆိုရင် အမေရိကန်က ထိုင်ဝမ်ကျွန်းအနီးအနားမှာ စစ်ရေးလေ့ကျင့်ခန်းတွေလုပ်နေသလို တစ်ချိန်တည်းမှာပဲအမေရိကန်လွှတ်တော်အမတ်တွေက ထိုင်ဝမ်ကျွန်းဆီအလည်အပတ်သွားခြင်းအားဖြင့် အဲဒီကျွန်းကို နိုင်ငံတစ်နိုင်ငံကဲ့သို့ တရားဝင်သတ်မှတ်မှုမျိုးတွေ လုပ်ဆောင်နေပါတယ်။

ဒီလိုမျိုးတွေလုပ်ဆောင်လာခြင်းဟာ သူတို့ကိုယ်တိုင်ကတိပြုထားတဲ့ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို လေးစားလိုက်နာပါတယ်ဆိုတဲ့ကတိပြုချက်ကို ပျက်ပြားအောင် လုပ်ဆောင်နေတာနဲ့အတူတူပါပဲ။

စစ်ရေးလေ့ကျင့်ခန်းလုပ်တဲ့နေရာက ထိုင်ဝမ်ကျွန်းနဲ့သိပ်မဝေးတဲ့နေရာမှာပါ။ စစ်ရေးလေ့ကျင့်ခန်းမှာပါတဲ့ သူတွေက အမေရိကန်နဲ့ ဖိလစ်ပိုင်နိုင်ငံတို့မှ မရိန်းတပ်ဖွဲ့များဖြစ်ပါတယ်။

စစ်ရေးလေ့ကျင့်ခန်းလုပ်တဲ့ ပုံစံကသတ်မှတ်ထားတဲ့ကျွန်းတွေဆီကို ရဟတ်ယာဉ်တွေနဲ့မရိန်းတပ်ဖွဲ့ဝင်တွေနေရာချမယ်။ ပြီးရင်မြေကိုသိမ်းပိုက်တဲ့ပုံစံမျိုးလုပ်မယ်။ အဲဒီကျွန်းတွေအားလုံးကလည်း ထိုင်ဝမ်ကျွန်းကိုဝိုင်းပတ်ထားတဲ့နေရာတွေချည်းပါပဲ။ သူတို့ရဲ့စစ်ရေးလေ့ကျင့်ခန်းက ဒီလောက်လေးပဲဆိုပေမယ့် ရည်ရွယ်ချက်ကတော့ တော်တော်လေးကို ကြီးမားပါတယ်။

အရင်ဆုံးသတိပြုရမယ့်အချက်က ထိုင်ဝမ်ကျွန်းမှာခေါင်းဆောင်အသစ်ဖြစ်တဲ့ လိုင်ချင်းတယ်ကျမ်းသစ္စာကျိန်ဆိုပြီး ရက်ပိုင်းအတွင်းမှာပဲ ဒီစစ်ရေးလေ့ကျင့်ခန်းကိုလုပ်တာပါ။

လိုင်ချင်းတယ်ဆိုတာ တရုတ်ပြည်မကြီးအပေါ် သဘောထားတင်းမာပြီး ခွဲထွက်ရေးကိုသာလိုလားတဲ့ခေါင်းဆောင်တစ်ဦးပါ။ သူ့သဘောထားကိုပြောရမယ်ဆိုရင် ထိုင်ဝမ်ကျွန်းက အရင်ကတည်းက လွတ်လပ်တဲ့ဒေသဖြစ်တဲ့အတွက် သူတို့စိတ်ကြိုက်ဆက်ဆံရေးကို ထူထောင်သွားမယ်လို့ ဆိုထားသူဖြစ်ပါတယ်။

နောက်တစ်ချက်က ဒီလိုမျိုးစစ်ရေးလေ့ကျင့်ခန်းလုပ်မှုဟာ တစ်နှစ်အတွင်းအကြီးမားဆုံးစစ်ရေးလေ့ကျင့်ခန်းဖြစ်နေတာပါ။ တစ်နည်းပြောရရင် စစ်အင်အားပြတဲ့လေ့ကျင့်ခန်းလည်းဖြစ်နေပါတယ်။

လိုင်ချင်းတယ်မတိုင်ခင် ထိုင်ဝမ်ကျွန်းခေါင်းဆောင်ဖြစ်တဲ့ ဆိုင်ယင်းဝမ်တောင်မှ တရုတ်ပြည်မကြီးကို တရုတ်အာဏာပိုင်အဖွဲ့လို့သာသုံးနှုန်းခဲ့တာပါ။

လိုင်ချင်းတယ်ကတော့ သူတို့ကိုယ်သူတို့ ထိုင်ဝမ်နိုင်ငံဆိုပြီးတော့ တရားဝင်ပုံစံမျိုးနဲ့ သုံးနှုန်းပြီး မိန့်ခွန်းပြောသွားတာဖြစ်ပါတယ်။ ဒါကြောင့်သေချာတဲ့တစ်ချက်က လိုင်ချင်းတယ်ဟာအင်မတန်မှသဘောထားတင်းမာသူဖြစ်တယ်ဆိုတဲ့အချက်ပါပဲ။

လိုင်ချင်းတယ်အနေနဲ့ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ရက်ပိုင်းအတွင်းမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ထိုင်ဝမ်ကျွန်းအနီးမှာ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းတစ်ခုဖြစ်တဲ့ Joint Sword-2024A ကိုပြုလုပ်ခဲ့ပါတယ်။ တရုတ်တပ်မတော်ရဲ့စစ်ရေးလေ့ကျင့်ခန်းမှာတော့ ထိုင်ဝမ်ကျွန်းကိုဝိုင်းပတ်ပိတ်ဆို့တဲ့ပုံစံမျိုးကို လေ့ကျင့်ကြတာပါ။

တရုတ်ဘက်က အခုလိုမျိုးစစ်ရေးလေ့ကျင့်ခန်းလုပ်တဲ့နေရာမှာ သူတို့ပေးထားတဲ့အမည်ဝှက်ကိုကြည့်မယ်ဆိုရင် Joint Sword-2024A ဆိုပြီး (A) တစ်လုံးပိုပါနေတာကိုသတိထားမိမှာပါ။ ဒါကြောင့် ဒီနှစ်အတွင်းမှာ နောက်ထပ်အလားတူစစ်ရေးလေ့ကျင့်ခန်းများစွာကို လုပ်ဆောင်ထားဖို့ စီစဉ်ထားဖွယ်ရှိတာတွေ့ရပါတယ်။

တရုတ်တို့အနေနဲ့ ဒီလိုမျိုးလုပ်လာတာကိုလည်း အပြစ်လို့တော့ဆိုဖွယ်စရာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ထိုင်ဝမ်ကျွန်းခွဲထွက်မှုဟာ တရုတ်နိုင်ငံရဲ့အချုပ်အခြာအာဏာပွဲပါသွားတာနဲ့အတူတူဖြစ်နေလို့ပါပဲ။

အခုလိုမျိုးအခြေအနေအထိဖြစ်လာရတယ်ဆိုတာကလည်း တကယ်တမ်းတော့ ထိုင်ဝမ်ကျွန်းကိုနောက်ကွယ်ကနေသာမက ရှေ့ကနေပြောင်ကျကျပါထောက်ခံအားပေးကူညီပေးနေတဲ့ အနောက်အုပ်စုများရဲ့တုံ့ပြန်မှုအပေါ်လည်း များစွာမူတည်နေပါတယ်။

ဥပမာအားဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက "အမေရိကန်အနေနဲ့ အခုလိုမျိုးပိုနေမြဲကျားနေမြဲအခြေအနေပျက်စီးစေမယ့် ဘယ်လိုတစ်ဖက်သတ်ပြောင်းလဲမှုမျိုးကိုမဆို ကန့်ကွက်ပါတယ်။ မိမိတို့အနေနဲ့ ထိုင်ဝမ်ကျွန်းရဲ့လွတ်လပ်ရေးကိုထောက်ခံအားပေးခြင်းမရှိပါဘူး။ ရေလက်ကြားခြားပြီးဖြစ်နေတဲ့ မတူကွဲပြားမှုတွေကို ငြိမ်းချမ်းတဲ့နည်းလမ်းများနဲ့ ဖြေရှင်းနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဆိုပြီး သူတို့ရဲ့ဝက်ဆိုက်မှာ တရားဝင်အတိအလင်းရေးသားထားပါတယ်။

ဒါပေမဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန်က ထိုင်ဝမ်ကျွန်းဟာ အစောကြီးကတည်းက လွတ်လပ်တဲ့နိုင်ငံဖြစ်နှင့်နေပြီးသားလို့ဆိုတဲ့ လိုင်ချင်းတယ်ရဲ့မိန့်ခွန်းအပေါ် တစ်လုံးတစ်ပါဒမျှကန့်ကွက်ခြင်းမရှိပါဘူး။

အဲဒီလိုမကန့်ကွက်တဲ့အပြင် ထိုင်ဝမ်ကျွန်းရှိပြည်သူတွေအနေနဲ့ ကြံ့ကြံ့ခံပြီး ဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်မှုအင်အားကို နောက်တစ်ကြိမ်ပြလိုက်နိုင်တဲ့အတွက် ဂုဏ်ယူပါတယ်လို့ ဆိုလိုက်ပါသေးတယ်။

ဒါ့အပြင် နှစ်ဖက်ကြားတူညီတဲ့အကျိုးစီးပွားများနဲ့တန်ဖိုးများအတွက် ရှေ့ဆက်တိုးဆောင်ရွက်ကာ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်တဲ့ တရားမဝင်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေး၊ ထိုင်ဝမ်ရေလက်ကြားအတွင်း ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်စေရေးတို့အတွက် အတူလက်တွဲဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုပြီး ပြောထားပါသေးတယ်။

ဒါဟာ အမေရိကန်တို့ရဲ့ ရှေ့တစ်မျိုးကွယ်ရာတစ်မျိုးလုပ်ရပ်ကိုဖော်ပြနေတာပါ။ ဆိုလိုတာက ဝက်ဆိုက်မှာတစ်မျိုးပြောပြီး မြေပြင်မှာတစ်မျိုးပြောတဲ့ပုံစံမျိုးပေါ့။

ထိုင်ဝမ်ကျွန်းမှာရှိတဲ့ ဥရောပသမဂ္ဂကိုယ်စားလှယ်ကလည်း ထိုင်ဝမ်ကျွန်းသားတို့ရဲ့ အားမာန်အပြည့်နဲ့တက်ကြွလွန်းတဲ့ ဒီမိုကရေစီကို ဖော်ဆောင်နိုင်တဲ့အတွက် ဂုဏ်ယူကြောင်းနဲ့ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကို ဆက်လက်တိုးမြှင့်သွားမယ်ဆိုတဲ့ အကြောင်း လူမှုကွန်ရက်မှာတင်ထားပါသေးတယ်။

ဒါတွေကိုကြည့်ခြင်းအားဖြင့် အမေရိကန်ဦးဆောင်တဲ့အနောက်အုပ်စုဟာ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို လေးစားလိုက်နာတယ်လို့ဆိုထားသော်လည်း တစ်ဖက်မှာ ထိုင်ဝမ်ကျွန်းကို မြှောက်ထိုးပင့်ကော်လုပ်ပေးနေတာတွေ့ရမှာပါ။

ဒါကြောင့်လည်း တရုတ်ဘက်က အရင်ကထက်ပိုမိုကြီးမားပြီး ပြင်းထန်တဲ့စစ်ရေးလေ့ကျင့်ခန်းတွေကို ထိုင်ဝမ်ကျွန်းအနီးပတ်ဝန်းကျင်မှာ လုပ်ဆောင်လာနေတာဖြစ်ပါတယ်။ ဒါဟာတရားမျှတတယ်လို့ဆိုရမှာပေါ့။

အခုထိုင်ဝမ်ကျွန်းနားမှာ အမေရိကန်နဲ့ ဖိလစ်ပိုင်တို့က ပူးတွဲစစ်ရေးလေ့ကျင့်ခန်းတွေလုပ်တယ်ဆိုတာကလည်း တစ်ဖက်က တရုတ်ကို မခံချင်အောင်ရန်စတာနဲ့အတူတူပါပဲ။

အမေရိကန်နိုင်ငံဟာ ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းက ဖိလစ်ပိုင်နိုင်ငံမှာ ခြေကုပ်စခန်းတွေရရှိထားပါတယ်။ အဲဒီလိုခြေကုပ်စခန်းတွေရရှိပြီဆိုကတည်းက တရုတ်ကိုဦးတည်တဲ့ စစ်ရေးလေ့ကျင့်ခန်းတွေဆက်တိုက်ဆိုသလိုလုပ်လာတာပါ။

ဒါကြောင့် ခြုံငုံသုံးသပ်ရမယ်ဆိုရင် အမေရိကန်ဟာ တစ်ဖက်မှာ ထိုင်ဝမ်ကျွန်းကိုထောက်ပံ့မှုတွေပေးပြီး ထိုင်ဝမ်ကျွန်းရဲ့ခွဲထွက်ရေးကြိုးပမ်းမှုကို ထောက်ခံအားပေးနေတယ်။

နောက်တစ်နေရာမှာကျတော့ ဖိလစ်ပိုင်မှာအခြေစိုက်စခန်းထိုင်ပြီး တရုတ်နိုင်ငံအနီးမှာ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းတွေလုပ်ခြင်းအားဖြင့် တရုတ်ရန်ကကာကွယ်ဖို့ရည်ရွယ်တယ်ဆိုတဲ့ပုံစံမျိုးနဲ့ တရုတ်ကိုရန်စမှုတွေလုပ်တယ်။

ဒါတွေအားလုံးဟာ တရုတ်နဲ့ စစ်မဖြစ်ဖြစ်အောင် လုပ်နေတဲ့ပုံစံတွေပါပဲ။ ဒါပေမဲ့ တကယ်လို့များ စစ်ပွဲတွေဖြစ်လာရင် အမေရိကန်ကတော့ နောက်ကွယ်ကနေပဲ ထောက်ပံ့မှုတွေပေးမှာပါ။ အသေခံရမှာက ကြားခံဒေသငယ်လေးတွေပဲဖြစ်ပါလိမ့်မယ်။

လက်ရှိမှာဆိုရင် အမေရိကန်က ရုရှားနဲ့ ကြားခံစစ်ဆင်နွှဲနေပါတယ်။ အဲဒီစစ်မှာ အရေးမလှတဲ့အခါကျတော့ သူ့ရဲ့ဂုဏ်သတင်းကိုပြန်ယူဖို့အတွက် ထိုင်ဝမ်ကျွန်းဘက်မှာ စစ်မီးတစ်စကိုမွှေးနေပုံပါပဲ။

ဒါကြောင့် အမေရိကန်ဟာ ထိုင်ဝမ်ကျွန်းကိုကြားခံပြီး တရုတ်ကိုစစ်မြှူနေပြီလားဆိုတာ မေးခွန်းထုတ်စရာဖြစ်လာသလို တွေးတောစိုးရိမ်စရာလည်းဖြစ်လာကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

*Ref: RT, Sputnik*

## တရားဝင် နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများအား Facebook Page များနှင့် အင်တာနက်စာမျက်နှာများမှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းဆောင်ရွက်သူများအား ထပ်မံအရေးယူဆောင်ရွက်ခြင်း

၁။ အောက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသော နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိကိုင်ဆောင်ထားခြင်းမရှိဘဲ နိုင်ငံခြားငွေများအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဆိုပါအဖွဲ့အစည်းများနှင့်ပါဝင်ပတ်သက်ရောင်းဝယ်နေသူများအား အရေးယူဆောင်ရွက်ပြီးဖြစ်သည့်အပြင် ပြည်ပမှအဝယ်/အရောင်းဆောင်ရွက်နေသည့် Page များ၊ ဖုန်းနံပါတ်များကို သက်ဆိုင်ရာဗဟိုဘဏ်များသို့အကြောင်းကြား၍ အရေးယူဆောင်ရွက်ရန်ညှိနှိုင်းလျက်ရှိပါသည်။

(က) ငွေဈေးနှုန်းနှင့်ငွေလွှဲဆိုင်
(ခ) Moe Latt
(ဂ) Si Thu & bro များ
(ဃ) ရန်ကုန်ငွေဈေး
(င) ဒေါ်လာဝယ်ရောင်းတိုက်ရိုက် USD Exchange
(စ) ဒေါ်လာရောင်းဝယ်
(ဆ) December Snow
(ဇ) June Lin Htet Naing
(ဈ) Htet Yan Money Exchange
(ည) Global Value Services-GVS Money Exchange and Transfer
(ဋ) Boss Online Money Exchange Services (Family Money Exchange)
(ဌ) Lucky Sky Gold Smith (Facebook Page)
(ဍ) Nay Myo Htet (Facebook Page)
(ဎ) Gold Market Myanmar (Facebook Page)
(ဏ) Ye Mon
(တ) Naing Lu

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယခုကဲ့သို့သောအဖွဲ့အစည်းများအား ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖမ်းဆီးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း စောင့်ကြည့်အရေးယူသွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းများကိုလည်း ပြည်သူလူထုသိရှိရန် ကြေညာထုတ်ပြန်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် တရားဝင်လိုင်စင်ထုတ်ပေးထားပြီး နိုင်ငံခြားငွေများ လဲလှယ်ရောင်းချခွင့်ရှိသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၌သာ လဲလှယ်ရောင်းချဝယ်ယူသွားရန် ထပ်မံအသိပေးအပ်ပါသည်။

၄။ အထက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် တရားမဝင်နိုင်ငံခြားငွေများရောင်းဝယ်၍ ငွေဈေးကစားနေသူများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ နှင့် ၄၂ တို့အပြင် အများပြည်သူအကျိုးကိုထိခိုက်စေသည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြင့်ပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**၂၆-၅-၂၀၂၄**

ရန်ကုန် မေ ၂၇

## MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲကို ဇွန်လ ၂၂ ရက်မှစတင်ပြီး ပြိုင်ပွဲဝင်အသင်း ၅၀ ဖြင့် ကျင်းပသွားမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီကကြီးမှူးကျင်းပမည့် MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲကို ဇွန်လ ၂၂ ရက်မှစတင်ပြီး ပြိုင်ပွဲဝင်အသင်း ၅၀ ဖြင့်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသော အသင်းများအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဌာနတွင် ပြိုင်ပွဲဝင် လျှောက်လွှာများကို မေလ ၃၁ ရက်ထိ သွားရောက်ထုတ်ယူနိုင်ပြီး အသင်းစာရင်းတင်သွင်းခြင်းကို ဇွန်လ ၁ ရက်မှ ၁၀ ရက်ထိ ပြုလုပ်နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အသင်းဝင်ကြေး ငွေကျပ် နှစ်သိန်းနှင့် အာမခံကြေးငွေကျပ် တစ်သိန်း ပေးသွင်းရမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် ကစားသမား ၁၄ ဦးမှ ၁၆ ဦး(အနည်းဆုံး ဂိုးသမား နှစ်ဦး)၊ အုပ်ချုပ်သူနည်းပြ သုံးဦး မှ ခြောက်ဦးထိ မှတ်ပုံတင်ခွင့်ရရှိမည်ဖြစ်ပြီး MFF Max Energy Futsal Amateur မြန်မာနေရှင်နယ်လိဂ်နှင့် လိဂ်-၂၊ သက်တမ်းအလိုက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများ၊ မြန်မာဖူဆယ် လိဂ်(၁)နှင့် လိဂ်(၂)၊ သက်တမ်းအလိုက် လက်ရွေးစင်ဖြစ်ခဲ့ဖူးသူများ၊ လက်ရွေးစင်များ၊ လက်ရွေးစင်ဟောင်းများ ဝင်ရောက်ကစားခွင့်ကို တားမြစ်သွားမည်ဖြစ်သည်။

MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်တက်ရောက်ခွင့် ရရှိသောအသင်းများအနေဖြင့် MFF Futsal Championship 2024 ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည့် မြန်မာဖူဆယ်-၂ပြိုင်ပွဲကိုလည်း ဝင်ရောက်ကစားနိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်သည်။

MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀နှင့် တတိယဆု ငွေကျပ်၁၅ သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် ပြိုင်ပွဲဝင်အသင်း ၄၄ သင်း စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်အရေအတွက် ပြည့်မီရန်ခြောက်သင်းသာ မှတ်ပုံတင်သွင်းခွင့်ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

နေပြည်တော် မေ ၂၇

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ




ပိုက်ကျော်ခြင်းအားကစား အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသည်။

ယနေ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲအဖွဲ့လိုက် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် မေလ ၂၈ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ပြည်နယ်နှင့်တိုင်းဒေသကြီးပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို **“အခမဲ့”** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **ကျော်လွင်(မြဝတီ)**

နေပြည်တော် မေ ၂၇

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ယင်းမာပင်၊ စိုက်ပျိုးရေး

# ယင်းမာပင်ခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၄၀၇၄၈ ဧက ရိတ်သိမ်းပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၄၀၇၄၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်၌ စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် အစေ့ထုတ်ပြောင်း ၇၆၂၈ ဧက ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကလျှင် ၄၅ ဒသမ ၈ တင်းထွက်ရှိပြီး ဖူးစားပြောင်း ဧက ၃၃၁၂၀ ရိတ်သိမ်းရာ တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၄၀၇၄၈ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိဧကအားလုံးရိတ်သိမ်းပြီးစီးနေပါပြီ။ ပြောင်းကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီး တွက်ချေကိုက်ပါတယ်။ ပြောင်းဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းကပြောသည်။

ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်၌ ဖူးစားပြောင်း ဧက ၈၉၈၀၊ ကနီမြို့နယ်၌ အစေ့ထုတ်ပြောင်း ၇၆၂၈ ဧက၊ ဖူးစားပြောင်း ၁၃၃၆၅ ဧက၊ ဆားလင်းကြီးမြို့နယ်၌ ဖူးစားပြောင်း ၆၂၄၄ ဧကနှင့် ပုလဲမြို့နယ်၌ ဖူးစားပြောင်း ၄၅၃၁ ဧက စုစုပေါင်း ၄၀၇၄၈ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၃၅၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးခဲ့ရာ ၄၀၇၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ကာ လျာထားချက်ထက် ၇၁၆၃ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၄၀၉)

ငပုတော၊ စီးပွားရေး

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် ၈၅၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်စုခိုင်၏ပြောကြားချက်အရ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ဒေသထွက်နေလှန်းဆားပိဿာချိန် ၆၅၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း နေလှန်းဆားပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချပါတယ်။ ဧပြီလအတွင်းက ပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မေလထဲမှာလည်း ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို နေလှန်းဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်။ ငပုတောမြို့နယ်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလည်း ကောင်းပါတယ်"ဟု ဒေါ်စုခိုင်က ပြောသည်။

ငပုတောမြို့နယ်ဒေသထွက် နေလှန်းဆားကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ပြုလုပ်သည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြောင်း သိရသည်။

**သုတကျော်**






ကျောက်ပန်းတောင်း၊ စိမ်းလန်းစိုပြည်ရေး

# ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာထင်းစိုက်ခင်းများနှင့် အရိပ်ရပင်များ စိုက်ပျိုးနိုင်ရေး ပျိုးပင် ၂၀၀၀၀ ပျိုးထောင်ထားရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မိုးရာသီကာလတွင် ကျေးရွာထင်းစိုက်ခင်းများနှင့် အရိပ်ရပင်များစိုက်ပျိုးနိုင်ရေး ကျောက်ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ အရိပ်ရပျိုးပင် ၂၀၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

"ကျောက်ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနအနေနဲ့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ကျေးရွာ ၄၇ ရွာမှာ ကျေးရွာပိုင် တစ်အုပ်တစ်မထင်းစိုက်ခင်းတွေ စိုက်ပျိုးနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒါ့ပြင် ယခင်နှစ်က စိုက်ပျိုးထားပြီး ရှင်သန်ခြင်းမရှိတဲ့ အပင်တွေနေရာမှာ အစားထိုးစိုက်ပျိုးနိုင်ဖို့လည်း ပျိုးပင်တွေကို ပံ့ပိုးပေးသွားမှာပါ။ သစ်တောဦးစီးဌာနအနေနဲ့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရဲ့ စီစဉ်မှုနဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဌာနဆိုင်ရာတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ကျေးရွာဒေသခံတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ရှိပါတယ်" ဟု သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနပျိုးဥယျာဉ်၌ ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးနိုင်စေရန်နှင့် ဌာနဆိုင်ရာများနှင့် လမ်းဘေးနေရာများတွင် အရိပ်ရပင်များအစားထိုးစိုက်ပျိုးနိုင်ရန် ကျွန်း၊ တမာ၊ ယင်းမာ၊ မဲဇလီ၊ စိန်ပန်းနီ၊ ယူကလစ် စသည့်ပျိုးပင်များ ပျိုးထောင်ထားရှိပြီး ပျိုးသက်နှစ်နှစ်သက်တမ်းရှိ၍ ပျိုးပင်အမြင့် ၂ ပေနှင့်အထက်ရှိသော တမာ၊ ထနောင်း၊ ဖျောက်ဆိပ်၊ မဲဇလီနှင့် ယင်းမာပင်များလည်း အထူးပျိုးအနေဖြင့် ပျိုးထောင်ထားရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

စစ်ကိုင်း၊ လူမှုရေး

# စစ်ကိုင်းမြို့၌ အခြေခံစာတတ်မြောက်ရေးသင်တန်းဆင်းပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ အခြေခံစာတတ်မြောက်ရေးသင်တန်းဆင်းပွဲကို မေလ ၂၇ ရက်တွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အသင်္ချာခန်းမ၌ ကျင်းပသည်။

ဈေးဦးစွာ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးရဲထွဋ်က အခြေခံစာတတ်မြောက်ရေးလုပ်ငန်းသည် အခြေခံလူတန်းစားများအတွက် အကျိုးကျေးဇူးများသော သင်တန်းဖြစ်ကြောင်း၊ အခြေခံပညာမူလတန်းအဆင့်ပြီးဆုံးသည်အထိ မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများကို ပညာရေးနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာတတ်မြောက်စေရန် ကျေးရွာအုပ်စုပေါင်း ၁၇၇ အုပ်စုတွင် စာသင်ဝိုင်း ၄၆ ခု ဖွင့်လှစ်ကာ စာသင်သား ၆၇၄ ဦးအား ဧပြီလ ၉ ရက်မှစ၍ ရက်ပေါင်း ၄၀ ကြာ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စာနှင့်ဝေးကွာခဲ့ရသူများ၊ စာမတတ်သူများပပျောက်အောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အတူတကွပူးပေါင်းပါဝင်တည်ဆောက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းမြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ စာသင်သားများက လက်ခံရယူပြီး စာသင်သားများကိုယ်စား စာသင်သားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**ဇော်မြင့်နိုင်**




## ပျောက်ဆုံးကြောင်း

ငွေးငွေး(ဘ)ဦးထွန်းရွှေ ၁၂/မရက(နိုင်)၁၅၀၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 141448)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၂၉၂၈၂**

## ပျောက်ဆုံးကြောင်း

မင်းအောင်ဆန်း(ဘ)ဦးခင်ရွှေ ၁၂/သကတ(နိုင်)၁၂၆၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(794438)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၃၆၀၀၆၀**

## ပျောက်ဆုံးကြောင်း

အိရွှေဇင်(ဘ)ဦးစိုးကြိုင် ၈/အလန(နိုင်)၂၀၀၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## ပျောက်ဆုံးကြောင်း

သူသူအောင်(ဘ)ဦးအေးသောင်း ၁၂/ဥကမ(နိုင်)၁၉၄၂၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(787262)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၄၈၃၆၉၂**

## ပျောက်ဆုံးကြောင်း

ဝင်းသူရ(ဘ)ဦးကြည်သန်း ၃/ဘအန(နိုင်)၂၂၂၈၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 922015)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## ပျောက်ဆုံးကြောင်း

မိုဇင်နိုင်(ဘ)ဦးမြင့်ညိမ်း ၅/တဆန(နိုင်)၁၆၉၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီး၊ ဓာတ်မှန်ဌာနရှိ GE Healthcare CT(Model:Beijing Optima 540(16 Slice)Serial Number:360225 HM7)စက်၏ X-ray Tube and High Voltage Cables လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအား (မြန်မာကျပ်ငွေဖြင့်) လုပ်ငန်းအပ်နှံဆောင်ရွက်ရန် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

| | |
|---|---|
| စတင်ရောင်းချမည့်နေ့ရက် | ၂၈-၅-၂၀၂၄(အင်္ဂါနေ့) |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | ၁၁-၆-၂၀၂၄(အင်္ဂါနေ့) ညနေ(၄း၀၀)နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၂၄၉၁၆**

## ပျောက်ဆုံးကြောင်း

မိုးဇင်ဦး(ဘ)ဦးမြင့်ညိမ် ၅/တဆန(နိုင်)၁၈၆၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## ပျောက်ဆုံးကြောင်း

နွဲ့ရည်ဝင်း(ဘ)ဦးတင်မြင့် ၁၄/ကလန(နိုင်)၁၁၄၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## ပျောက်ဆုံးကြောင်း

အေးအေးကြည်(ဘ)ဦးလီဆင်းယုံ ၁၃/ကခန(နိုင်)၀၈၇၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 629293)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## ပျောက်ဆုံးကြောင်း

သင်းစုလှိုင်(ဘ)ဦးသောင်းညွန့်ကြည် ၁၂/ထတပ(နိုင်)၀၉၁၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## ပျောက်ဆုံးကြောင်း

သီတာငြိမ်း(ဘ)ဦးတင်ထွန်း ၇/အတန(နိုင်)၁၆၁၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ. ထ. က(၁)တွင် Grade-2 တက်ရောက်မည့် အဘ ဦးစိုးမိုးအောင် ၁၁/မတန(နိုင်)၀၂၄၄၉၂ ၏သမီး မရွှင်လန်းဝေအား မအိမ့်ဖူးသဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိမ့်ဖူးသဇင်**

## အမည်ပြောင်း

ပဲခူးမြို့၊ အထက(၇)ကျောင်းခွဲ၊ G-3 တွင် တက်ရောက်မည့် (ဘ)ဦးထက်ပိုင်၏သမီး မယွန်းထက်ရတီအား မရွှေယွန်းချယ်ရီဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှေယွန်းချယ်ရီ**

## ပျောက်ဆုံးကြောင်း

စောလှမြင့်သိန်း(ဘ)ဦးလှကြိုင် ၃/လဘန(နိုင်)၀၃၈၆၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 353011)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

## ပျောက်ဆုံးကြောင်း

စိုးသူ(ဘ)ဦးစိုးသိန်း ၁၄/ကကန(နိုင်)၁၁၅၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 176787)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၇၇၉၉၈၇၃**

## ပျောက်ဆုံးကြောင်း

အောင်ခိုင်ထွန်း(ဘ)ဦးတင်အောင် ၁၂/တမန(နိုင်)၀၇၅၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

## ပျောက်ဆုံးကြောင်း

နေမျိုးအောင်(ဘ)ဦးကျန်သရာဗဟာဒူး ၁၃/နခတ(နိုင်)၁၀၁၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ ဥဿာ(၆)အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ Grade-6 မှ မောင်မျိုးမင်းခန့်၏ဖခင်အမည်မှန်မှာ ဦးမြဝင်းဖြစ်ပါကြောင်း။

**ဦးမြဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရ အ. ထ. က Grade-1 မှ ပညာသင်ကြားနေသော မပြည့်ရတနာသျှံ၏ဖခင်အမည် ဖိုးပြည့်နှင့် မောင်ပြည့်ပြည့် ၇/ရတရ(နိုင်)၂၃၃၈၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖိုးပြည့်(ခ)မောင်ပြည့်ပြည့်**

## အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ နယ်မြေ(၁၁)၊ ကော့ပေါက်ကျေးရွာ၊ အိမ်အမှတ်(၁)၊ ဘုရားလမ်းနေ အဘ မင်းစိန်ကုလား ၃/ကကရ(နိုင်)၀၆၅၂၅၁၊ အမိ ဒေါ်စုဝေခိုင် ၃/ကကရ(နိုင်)၀၆၄၇၇၁ တို့၏သမီး မိသင်းနဒီစံ၏အမည်မှန်မှာ မဂျူးဂျူးစံ ၃/ကကရ(နိုင်)၃၁၁၁၅၁ ဖြစ်ပါကြောင်း။

**မဂျူးဂျူးစံ**

## အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ နယ်မြေ(၁၁)၊ ကော့ပေါက်ကျေးရွာ၊ အိမ်အမှတ်(၁)၊ ဘုရားလမ်းနေ အဘ မင်းစိန်ကုလား ၃/ကကရ(နိုင်)၀၆၅၂၅၁၊ အမိ ဒေါ်စုဝေခိုင် ၃/ကကရ(နိုင်)၀၆၄၇၇၁ တို့၏သား မင်းဇနူအောင်၏အမည်မှန်မှာ မင်းချမ်းထောဖြစ်ပါကြောင်း။

**မင်းချမ်းထော**

## အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ. ထ. က(၃)ရွာတော် Grade-10 မှ ပညာသင်ကြားနေသော အဘ ဦးအေးကျော် ၉/မထလ(နိုင်)၁၃၄၀၃၅ ၏သမီး မစနေမအား မနဒီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနဒီအောင်**

## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်နေ ဟိန်းထက်အောင်(ဘ)တင်အောင် ၁၄/ဇလန(နိုင်)၁၈၉၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်း၊ တောင်ငူမြို့နေ စောအောင်ခိုင်(ဘ)ဦးစောခိုင် ၇/တငန(နိုင်)၂၀၅၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 383568)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၇၃၁၈၆၉**

## ပျောက်ဆုံးကြောင်း

ပုလဲမြို့နယ်၊ ချောင်းကန်ရွာနေ မစုစုငယ်(ဘ)ဦးစိုးမြင့်ဖေ ၅/ပလန(နိုင်)၁၇၂၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 799467)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၂၀၀၅၉၀၁**

## ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ ဆီဆုံကုန်းကျေးရွာနေ နော်ဂေဗြိဖော(ဘ)စောအယ်သောဂေ ၁၂/ကတခ(နိုင်)၂၁၈၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 887770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၅၇၃၈၅၆**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းနေ ဒေါ်လင်းလင်းနိုင်(ဘ)ဦးရွှေညွှန့် ၁၂/အစန(နိုင်)၁၈၆၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 216888)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ ဦးခင်မောင်ဇော်(ဘ)ဦးစိုးမြင့် ၁၀/ရမန(နိုင်)၀၄၄၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 195695)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၇၃၅၅၄**

## ပျောက်ဆုံးကြောင်း

နမ္မတူမြို့၊ ပန်ဟိုက်(၉)ရပ်ကွက်နေ နန်းခမ်းဝါ(ဘ)ဦးမောက်ငင်း ၁၃/နမတ(နိုင်)၀၄၂၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

## ပျောက်ဆုံးကြောင်း

ကန်ကြီးထောင့်မြို့၊ ကျွန်းလျှာရှည်၊ အိုးဘိုရွာနေ မရတနာဦး(ဘ)ဦးဆန်းဦး ၁၄/ကကထ(နိုင်)၂၁၅၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

## ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ ဆီဆုံကုန်းရွာနေ နော်ဒေးလရယ်ဖော(ဘ)စောဆာအယ်မူး ၇/ကတခ(နိုင်)၁၇၇၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 873960)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၅၇၃၈၅၆**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၈)၊ ရပ်ကွက်(၅)နေ ဦးခွန်ထွေး(ဘ)ဦးအင်ဒီဇော်ယော် ၁၃/လရန(နိုင်)၁၄၂၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၀၁၅၂၀**

## ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့နယ်၊ ဟင်လုံအုပ်စု၊ မန့်မြိုင်ရွာနေ နန်းလှခင်(ဘ)ဦးမောင်ယီ ၁၃/နခန(နိုင်)၀၉၃၆၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၀၁၅၂၀**

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်နေ ဦးသူရကျော်(ဘ)ဦးကျော်ညွန့် ၁၂/ဥကမ(နိုင်)၁၅၆၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၆၂၉၂၉၆**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၇၁/မမ/CMO | ဆေးရုံသုံးစက်ကိရိယာတန်ဆာပလာ(၉)မျိုးဝယ်ယူရန် |
| ၂ | ၇၂/မမ/CE | လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်း(၅)မျိုးဝယ်ယူရန် |
| ၃ | ၇၃/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ Phase-1, CP 102 (ပဲခူး-ညောင်လေးပင်လမ်းပိုင်း)တွင် Chain Link ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၄၅၀၀)ပေ |
| ၄ | ၇၄/မမ/CE | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ Phase-1, CP 103 (ညောင်လေးပင်- တောင်ငူလမ်းပိုင်း) တော်ဝိ-တောင်ငူကြားတွင် Chain Link ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၉၆၀၀)ပေ |

တင်ဒါပိတ်မည့်နေ့/အချိန် - စဉ်(၁) (၁၀-၆-၂၀၂၄)နေ့လယ်(၂း၃၀)နာရီ
စဉ်(၂၊ ၃၊ ၄) (၂၇-၆-၂၀၂၄)နေ့လယ်(၂း၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၇-၅-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)နေ ဒေါ်အေးအွန်(ဘ)ပူလွယ်အောင် ၁၃/လရန(နိုင်)၀၂၄၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၀၁၅၂၀**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၁၈)၊ ရပ်ကွက်(၅)နေ ဦးထွမ်လျိုဟိုက်(ဘ)ဦးထွမ်ရှင်ဂမ် ၁၃/လရန(နိုင်)၀၅၈၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၀၁၅၂၀**

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ပန်းလှိုင်ရပ်နေ ဒေါ်ထွေးထွေးဝင်း(ဘ)ဦးကျင်ဟန် ၇/ပခန(နိုင်)၁၈၀၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၁၀၅၃၃၅**

## မွေးသက္ကရာဇ်အမှန်

အဘ ဦးထွန်းမင်းလတ်၏သား မူလွန်-ကမ်းနား Grade-6 မှ ပညာသင်ကြားနေသော မောင်စွမ်းပြည့်လျှံ၏မွေးသက္ကရာဇ်အမှန်မှာ ၃၀-၆-၂၀၁၂ ဖြစ်ပါကြောင်း။

**၃၀-၆-၂၀၁၂**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ အဘ ဦးဝေစိုးအောင် ၈/တတက(နိုင်)၂၁၅၇၃၁ ၏သမီး အမှတ်(၁၀၄)အခြေခံပညာမူလတန်းလွန်ကျောင်း(ရွှေအိုး)Grade-1 ကျောင်းဝင်အမှတ်(၀၅၈၅)မအိခန့်ပိုင်အား မယွန်းဂျူလီယာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယွန်းဂျူလီယာအောင်**

## Novel Shinning Star Company Limited ၏
## မတည်ရင်းနှီးငွေပမာဏလျှော့ချရန်ကြေညာချက်

ကုမ္ပဏီ၏မူလသတ်မှတ်မတည်ရင်းနှီးငွေ (Issue Paid Up Capital)ပမာဏကျပ် ၂၀,၀၀၀,၀၀၀/-(ကျပ်သိန်းနှစ်ရာတိတိ)တစ်စုလျှင် ကျပ် ၁,၀၀၀/-(ကျပ်တစ်ထောင်တိတိ)တန် အစုရှယ်ယာပေါင်း(၂၀,၀၀၀)ကို လုပ်ငန်းလိုအပ်ချက်အရထားရှိခဲ့ပါသည်။ ယခုအခါ လုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်မပြေပါသဖြင့် မတည်ရင်းနှီးငွေအား ကျပ် ၅,၀၀၀,၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)တစ်စုလျှင် ကျပ် ၁,၀၀၀/-(ကျပ်တစ်ထောင်တိတိ)တန် အစုရှယ်ယာပေါင်း(၅၀၀၀)သို့ လျှော့ချရန်အတွက် (၂၃-၅-၂၀၂၄)နေ့တွင် (Special Resolution)အထူးအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆွေးနွေးဆုံးဖြတ်ပြီးကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နှင်းယု**
**အစုရှင်/မန်နေးဂျင်းဒါရိုက်တာ**
**Novel Shinning Star Company Limited**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အရာတော်ကျေးရွာနေ ဦးသိန်းလှိုင်-ဒေါ်အုန်းကြည်တို့၏သမီး မစိုးမြတ်ရီ ၉/တသန(နိုင်)၂၆၅၃၉၅ သည် မိဘအား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသိန်းလှိုင် ၉/တသန(နိုင်)၀၄၇၇၂၅**
**ဒေါ်အုန်းကြည် ၉/မလန(နိုင်)၀၅၉၂၈၃**

နေပြည်တော် မေ ၂၇

# မတ္တရာမြို့မှ ဒေသခံရွာသားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ




မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ တမာကုန်းကျေးရွာမှ ဒေသခံပြည်သူ ၁၀ ဦး ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၂၆ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မတ္တရာမြို့နယ် အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ၎င်းရက်တွင် တမာကုန်းကျေးရွာအနီး တစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း ဒေသခံပြည်သူများကို ဖမ်းဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်စေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံရေးသားထားသည့်သတင်းတု သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နေပြည်တော် မေ ၂၇

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ





မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။


ထိုသို့ဆောင်ရွက်လျက်ရှိစဉ် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် **မေလ ၂၀ ရက်**တွင် ချောက်မြို့၊ ချောက်ရေနံမြေ၌ တရားမဝင်ရေနံစိမ်း ဂါလန်(၃၀၀) (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ ငဖဲမြို့နယ် ပဒါန်းကျေးရွာလမ်းဆုံ၌ လိုင်စင်မဲ့ Luojia 125 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်ခရိုင် မင်းတုန်းမြို့နယ်၌ တရားမဝင် အခြားသစ် (၂ ဒသမ ၅၃၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၅၀၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **မေလ ၂၂ ရက်**တွင် သရက်ခရိုင် ကံမမြို့နယ်၌ တရားမဝင် အခြားသစ် (၁ ဒသမ ၁၆၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၀၂၁) ကို သစ်တောဥပဒေအရလည်းကောင်း၊ **မေလ ၂၄ ရက်**တွင် အောင်လံမြို့နယ် ဘွက်ကြီးတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Taryan Wave 110 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀) နှင့် ဧရာဝတီတံတား(မကွေး) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၃၂၄၅၂၇)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ်(၃ ဒသမ ၀၀၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၅၉၃၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သံဖြူဇရပ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Deedo လိမ္မော်အချိုရည်ဘူး(၃၆၀၀)၊ ပုစွန်နှစ်ကောင်စားအုန်းဆီ (၁)လီတာပါ ဘူး(၁၂၀၀) အပါအဝင် ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်စက်မှုဇုန်ထုတ် TT Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၆၇၅၉၃၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေလ ၂၀ ရက်၊ ၂၂ ရက်၊ ၂၄ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၉)မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၉၀၀၀၄၅၇)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

ကျောဖုံးမှအဆက်

စိုင်းဖောင်းမောင်းနှင်ပြီး မင်းပိုင်ထူးလိုက်ပါလာသည့် Dongfeng Truck မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဖွဲအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၇၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၂၃ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၆၅ သန်းနှင့် ဘိန်းဆီခဲ ၅၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့်ယာဉ်နှင့်ရှေ့နောက်လိုက်ပါ၍ မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် မျိုးမင်းထွန်းနှင့် ကျော်သက်ဦးတို့အား NISSAN AD VAN မော်တော်ယာဉ်နှင့်လည်းကောင်း၊ အေးကျော်(ခ)ကျော်နိုင်နှင့် ဟိန်းထက်အောင်တို့အား TOYOTA PROBOX မော်တော်ယာဉ်နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီး



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသက်သေခံပစ္စည်းများနှင့်အတူတွေ့ရစဉ်။

ရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ တာဝန်ခံသယ်ဆောင်သူ ကိုပြည့်(ခ)ပြည့်ဖြိုးသူ(ခ)မင်းမြတ်နိုင်နှင့် မထွယ်ဆန်အိန်တို့အား မေလ ၂၂ ရက်နေ့ ည ၇ နာရီခွဲအချိန် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈ စီလမ်း၊ ၅၄ × ၅၅ လမ်းကြားတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(၁၀၀)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လန်ဒန်၊ ဘောလုံး

## အင်္ဂလန်ချန်ပီယံရှစ် Play-off ဗိုလ်လုပွဲတွင် လိဒ်အသင်းကိုအနိုင်ရရှိပြီး ဆောက်သမ်တန်အသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်တက်ရောက်




၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ် Play-off ဗိုလ်လုပွဲအဖြစ် ဆောက်သမ်တန်အသင်းနှင့် လိဒ်အသင်းတို့ကစားရာ ဆောက်သမ်တန်အသင်းက ၁ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်တက်ရောက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ယခုဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် လက်စတာအသင်းက ရမှတ် ၉၇ မှတ်ဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တစ်ရာသီအကြာတွင် ပြန်လည်တန်းတက်နိုင်ခဲ့ပြီး အစ်ဝှစ်ချ်အသင်းကလည်း ရမှတ် ၉၆ မှတ်ဖြင့် အဆင့် (၂) နေရာ၌ရပ်တည်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်တစ်နေရာအတွက် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲပြီးဆုံးချိန်တွင် အမှတ်ပေးဇယားအဆင့်(၃)နေရာမှ လိဒ်အသင်း၊ အဆင့်(၄)နေရာမှ ဆောက်သမ်တန်အသင်း၊ အဆင့်(၅)နေရာမှ ဝက်စ်ဘရွန်းအသင်းနှင့် အဆင့်(၆)နေရာမှ နော့ဝှစ်ချ်အသင်းတို့ အင်္ဂလန်ချန်ပီယံရှစ် Play-off အဖြစ် ဆက်လက်ကစားခဲ့ကြခြင်းဖြစ်သည်။

အင်္ဂလန်ချန်ပီယံရှစ် Play-off ဆီမီးဖိုင်နယ်အဆင့်တွင် လိဒ်အသင်းက နော့ဝှစ်ချ်အသင်းနှင့်ကစားရာ နှစ်ကျော့ပေါင်းရလဒ် ၄ ဂိုး- ဂိုးမရှိဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သကဲ့သို့ ဆောက်သမ်တန်အသင်းသည်လည်း နှစ်ကျော့ပေါင်းရလဒ် ၃ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ ပွဲမှာအကြိတ်အနယ်ရှိခဲ့ပြီး ဆောက်သမ်တန်အသင်းက ပွဲချိန် ၂၄ မိနစ်တွင်သွင်းယူခဲ့သည့် အမ်းစထရောင်း၏တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိကာ တစ်ရာသီအကြာတွင်ပင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်တန်းတက်နိုင်ခဲ့ကြောင်း သိရသည်။

***Ref;Fotmob.com***

ရောမ၊ ဘောလုံး

## ဖီနာဘာချီအသင်းနှင့် လမ်းခွဲပြီးနောက် ကစားသမားဘဝမှအနားယူရန် ဘိုနူချီဆုံးဖြတ်

ဝါရင့်ခံစစ်ကစားသမား ဘိုနူချီသည် ဖီနာဘာချီအသင်းနှင့်လမ်းခွဲပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ် ဘိုနူချီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ဂျူဗင်တပ်စ်အသင်းနှင့် အေစီမီလန်အသင်းတို့၌ ကာလရှည်ကစားခဲ့ပြီး ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ကာ ပြီးခဲ့သည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက ယူနီယံဘာလင်အသင်းနှင့်လမ်းခွဲပြီးနောက် ဖီနာဘာချီအသင်းသို့ အလွတ်ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

လက်ရှိတွင် ဖီနာဘာချီအသင်းနှင့် ဘိုနူချီတို့စာချုပ်သက်တမ်းမှာ လာမည့် ဇွန်လအကုန်တွင်ကုန်ဆုံးမည်ဖြစ်ပြီး ဖီနာဘာချီအသင်းကလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်တော့သည့်အတွက် လမ်းခွဲရန်ဆုံးဖြတ်ခဲ့ပြီး မကြာမီ မိခင်နိုင်ငံသို့ ပြန်လာမည်ဖြစ်ကာ လာမည့်ရက်ပိုင်းအတွင်း ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် အတည်ပြုကြေညာမည်ဖြစ်ကြောင်း သိရသည်။

***Ref;Fabrizio Romano***

ရောမ၊ ဘောလုံး

## နာပိုလီအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် နည်းပြကွန်တီကိုခန့်အပ်ရန် သဘောတူညီမှုရရှိ

နာပိုလီအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် အင်တာမီလန်အသင်း၊ ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းနည်းပြဟောင်း ကွန်တီကို ၂၀၂၇ ခုနှစ်အထိစာချုပ်ဖြင့် ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက နာပိုလီအသင်းကို စီးရီးအေချန်ပီယံဆုဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြစပယ်လက်တီသည် ရာသီအကုန်တွင် နုတ်ထွက်ခဲ့ပြီးနောက် နာပိုလီအသင်းက နည်းပြသစ်အဖြစ် ဂါစီယာကိုခန့်အပ်ခဲ့သော်လည်း ရလဒ်များဆိုးရွားခဲ့သည့်အတွက် နည်းပြဂါစီယာကို ထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် မက်ဇာရီကို ခန့်အပ်ခဲ့သည်။

သို့သော် နည်းပြမက်ဇာရီအနေဖြင့်လည်း အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိသည့်အတွက် ၎င်းကိုလည်း ထုတ်ပယ်ခဲ့ပြီးနောက် ရာသီကုန်အထိယာယီနည်းပြအဖြစ် ကာဇိုနာကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြကွန်တီသည် ၂၀၂၃ ခုနှစ်က စပါးအသင်းနှင့်လမ်းခွဲပြီးနောက် လက်ရှိအချိန်ထိ ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ပြီး နာပိုလီအသင်းက ပြီးခဲ့သည့်ရက်သတ္တပတ်က နည်းပြသစ်ခန့်အပ်ရန်အတွက် ဆွေးနွေးခဲ့ရာမှ ၂၀၂၇ ခုနှစ်အထိ စာချုပ်ဖြင့်ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကာ ၎င်းသည် စီးရီးအေပြိုင်ပွဲတွင်လည်း ဂျူဗင်တပ်စ်အသင်းနှင့် အင်တာမီလန်အသင်းတို့ကို ကိုင်တွယ်ခဲ့ရာ စီးရီးအေချန်ပီယံဆုဖလားဆွတ်ခူးနိုင်ပြီး အတွေ့အကြုံရှိသည့်အတွက် နာပိုလီအသင်းက ခန့်အပ်ရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

***Ref;Football Italia***

လန်ဒန်၊ ဘောလုံး

## ၂၀၂၃-၂၀၂၄ ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးသွင်းဂိုးဆုကို ဂါနာချိုနှင့် တစ်နှစ်တာအကောင်းဆုံး ဂိုးပေါက်ကာကွယ်မှုဆုကို ကာမင်စကီးတို့ဆွတ်ခူး

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးသွင်းဂိုးဆုကို မန်ယူအသင်းလူငယ်ကစားသမားဂါနာချိုနှင့် တစ်နှစ်တာအကောင်းဆုံးဂိုးပေါက်ကာကွယ်မှုဆုကို လူတန်အသင်းဂိုးသမား ကာမင်စကီးတို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းလူငယ်ကစားသမား ဂါနာချိုသည် ပြီးခဲ့သည့် နိုဝင်ဘာလ ၂၆ ရက်က ကစားသည့် မန်ယူအသင်းက အဲဗာတန်အသင်းကို ၃ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ဂါနာချိုက လေပေါ်ရှိဘောလုံးအား အဲဗာတန်အသင်းဂိုးပေါက်ကို ကျောပေးပြီး နောက်ပြန်ကန်ချက်ဖြင့် လှလှပပဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးသွင်းဂိုးဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဂါနာချိုသည် အဆိုပါသွင်းဂိုးဖြင့်ပင် မန်ယူအသင်း၏ တစ်နှစ်တာအကောင်းဆုံးသွင်းဂိုးဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆုအတွက် ဆန်ခါတင်သွင်းဂိုးစာရင်းတွင်လည်း ပါဝင်လာဖွယ်ရှိနေသည်။

ထို့ပြင် လူတန်အသင်းဂိုးသမား ကာမင်စကီးသည် ပြီးခဲ့သည့် နိုဝင်ဘာလ ၂၅ ရက်က လူတန်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ကစားသည့်ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်း၏ ဂိုးပေါက်ကန်သွင်းချက်နှစ်ကြိမ်ဆက်ကာကွယ်နိုင်ခဲ့ပြီးနောက် ဂိုးပေါက်ကာကွယ်မှုဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

***Ref;The Athletic***




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၀၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


အာရေးဗီးကားကော်ဖီစေ့စစ်စစ်ကိုသာ အသုံးပြုထားကြောင်း အာမခံပါသည်။
နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြို့က်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
PURE ARABICA Coffee
Black Coffee
NAN MYAING
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
Skynet Bill Payment ပေးသွင်းခြင်း
Gift Card ပေးခြင်း
Internet Bill ပေးဆောင်ခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
ဈေးဝယ်ခြင်း
အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ကိုယ်ပိုင်ဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ အရာရှိငယ်ဘဝတွင် အထက်အကြီးအကဲများ၏ အမိန့်ကို တိကျစွာလိုက်နာတတ်ခြင်းသည် ခေါင်းဆောင်ကောင်းနှင့်နောက်လိုက်ကောင်းတို့၏ အမူအကျင့်ကောင်းများပင်ဖြစ်‥

❖ ငယ်သားဖြစ်ချိန်၌ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ခြင်းသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်းတစ်ယောက်၏အစပင်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှကောက်နုတ်ချက်)


# ဆိုင်ကလုန်းမုန်တိုင်း “ရီမယ်(လ်)” အားကောင်းသောမုန်တိုင်းငယ်အဖြစ်အားလျော့

## နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၇**

**အားကောင်းသောမုန်တိုင်းငယ်(Deep Depression) အခြေအနေ**

ယနေ့ည ၁၀ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့(Dhaka)၏ အနောက်တောင်ဘက်မှဖြတ်ကျော်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) “ရီမယ်(လ်)”(REMAL)သည် **စာမျက်နှာ ၁၆ ကော်လံ ၁ ●**




# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၇၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့်ဘိန်းဆီခဲများဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့်မော်တော်ယာဉ်များ၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၁၉ ရက်နေ့ ည ၁၀ နာရီအချိန် ရှမ်းပြည်နယ်၊ ရပ်စောက် - နောင်ချိုသွားကားလမ်း၊ မကျည်းရေကျေးရွာအနီးတွင် ရပ်စောက်ဘက်မှ နောင်ချိုဘက်သို့ **စာမျက်နှာ ၂၉ ကော်လံ ၁ ▣**

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

စာ - ၂၆ သို့

## အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်အခြေအနေ

စာ - ၁၆ သို့

## တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့်မော်တော်ယာဉ်များဖမ်းဆီးရမိ

စာ - ၂၉ သို့

